မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလကွယ်နေ့၊ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၇)၊ အမှတ်(၁၆၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra အား ရန်ကုန်မြို့ ကိုးမိုင်ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra အား ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကိုးမိုင်ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းတို့ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား ပြောကြား

ယင်းသို့တွေ့ဆုံပြီးနောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော *စာမျက်နှာ ၈ ကော်လံ ၁* ●

ဒေသတွင်းကူးသန်းရောင်းဝယ်မှု တိုးတက်ကောင်းမွန်ရေး တရုတ်-အာဆီယံ နန်နင်းကုန်စည်ပြပွဲ

မြန်မာနိုင်ငံက ပါဝင်ပြသရောင်းချမည်

သတင်းဆောင်းပါး
ငြိမ်းမင်းစံ

ဓာတ်ပုံမှတ်တမ်း
ဦးလှဝင်း(FIS)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော်

ရန်ကုန် စက်တင်ဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီကျွမ့်အထူးအုပ်ချုပ်ခွင့်ရဒေသ မြို့တော်နန်နင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်းဒါရူဆလမ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် ၁၀ နိုင်ငံတို့ပူးပေါင်း၍ ဒေသတွင်းနိုင်ငံများ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုကောင်းမွန်ရေးအတွက် ကုန်စည်ပြပွဲကို ၂၀၀၄ ခုနှစ်ကစတင်၍ ကျင်းပခဲ့ရာ ယခု ၂၀၀၈ ခုနှစ် ပဉ္စမအကြိမ် ကုန်စည်ပြပွဲကို လာမည့် အောက်တိုဘာ ၂၂ရက်မှ ၂၅ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ *

နန်နင်းကုန်စည်ပြပွဲ ခန်းမဆောင်ကြီး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီကျွမ့် အထူးအုပ်ချုပ်ခွင့်ရဒေသ မြို့တော်နန်နင်းတွင် ကျင်းပသည့် နန်နင်းကုန်စည်ပြပွဲ ခန်းမဆောင်ကြီးကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

လက်ကိုင်ဖုန်း ကြာမြင့်စွာပြောခြင်းဖြင့် ဦးနှောက်၌ အကျိတ်ဖြစ်ပွားနိုင်ဟုဆို

အင်တာနက် ကျန်းမာရေး စာ - ၅

ဆလိုဗားကီးယားနိုင်ငံ၏ ပုံရိပ်

တိုး၏ သတင်းအက်ဆေး စာ - ၅

ကလေးဆာတိုင်း တိုက်ကျွေးပေး မိခင်နို့သာ ဦးစားပေး

သန်းသန်းနုနှင့် နုနုရီ၏ သတင်းဆောင်းပါး စာ - ၁၁

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၉ ရက်)

အာဟာရဓာတ်ပြည့်ဝမှုသည် ကျန်းမာကြံ့ခိုင်၍ဉာဏ်ရည်ထက်မြက်မှုကို အထောက်အကူပြု

ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားမှုကို အထောက်အကူပြုသည်။ လူတိုင်း အသက်ရှည်ကျန်းမာစွာနေထိုင်ရေးကို အလေးဂရုပြုရမည်ဖြစ်သည်။ အာဟာရဓာတ်ပြည့်ဝစွာစားသုံးမှသာ သက်ရှည်ကျန်းမာပြီး ကာယ၊ ဉာဏစွမ်းအားများကို ရရှိနိုင်မည်ဖြစ်သည်။

ပြည်သူများ၏ အာဟာရအခြေအနေ တိုးတက်ကောင်းမွန်ခြင်းသည် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်ရေး၊ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသော အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရချို့တဲ့သူများလျော့နည်းပပျောက်ရေး ၊ အာဟာရလွန်ကဲမှုပြဿနာ ကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့များ ထွန်းကားရေးတို့ကိုရည်မှန်း၍ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

အာဟာရ မျှတလုံလောက်ခြင်းသည် လူတစ်ဦးတစ်ယောက် လိုအပ်သော အာဟာရဓာတ် အမျိုးအမည်ပြည့်စုံပြီး တစ်နေ့တာအတွက် လုံလောက်သောအာဟာရများကို ဖြည့်ဆည်းပေးသည့် အစားအစာများကို စားသုံးခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းကို ရည်မှန်းဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် ကလေးများ၏ အာဟာရဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးများ သံဓာတ်ဆေးပြားများစားသုံးခြင်း၏ အကျိုးကျေးဇူးကို ပိုမိုသဘောပေါက်လာစေရန် ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် နို့တိုက်မိခင်များ ဗီတာမင်ဘီ-ဝမ်းချို့တဲ့မှုကို သိရှိနားလည်ပြီး ဆေးသောက်သုံးရန် ၊ ဗီတာမင်-အေဆေးလုံးများကို တိုက်ကျွေးခြင်းဖြင့် လုပ်ငန်းလွှမ်းခြုံမှု မြင့်မားနေသည့်အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန်တို့ကို ဆောင်ရွက်လျက်ရှိသည်။

မိခင်တိုင်းသည် ရင်သွေးအသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့် ဓလေ့ထွန်းကားစေရန်၊ အာဟာရချို့တဲ့ခြင်းနှင့်ဆက်နွှယ်ပြီး ဖြစ်တတ်သည့်ရောဂါများ ဖြစ်ပွားမှုလျော့နည်းကျဆင်းစေရန်၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှင့် တစ်နှစ်အထက်ကလေးသေဆုံးမှု ကျဆင်းရေးတို့ကို ဝိသေသရည်မှန်းချက်ထားရှိပြီး အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးရေးအတွက် ပဓာနကျသော အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်သူများ အာဟာရအခြေအနေ တိုးတက်ကောင်းမွန်ခြင်းသည် နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်ထက်မြက်ရေးအတွက် အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုများတွင် ပြည်သူတိုင်းက အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ညောင်ဦးခရိုင်နှင့် မြို့နယ်အမှုဆောင်များ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် စက်တင်ဘာ ၂၁ရက် ညနေပိုင်းက မန္တလေးတိုင်း ညောင်ဦးမြို့ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များနှင့်တွေ့ဆုံ၍ နယ်မြေဒေသအကျိုးအတွက် ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၉-၉-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စံပါပဲ** (အပိုင်း-၁၉)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူ့ရဲကောင်း** (အပိုင်း-၃၂)

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရွှေပြည်သာစက်မှုဇုန်(၃)ရှိ **Myanmar Lighting Manufacturing** ကုမ္ပဏီလီမိတက်၏ လျှပ်စစ်မီးချောင်းထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးစဉ်။ (စက်မှု-၁)

ရွှေပြည်သာ စက်မှုဇုန် (၃) လုပ်ငန်းများ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက် ၉နာရီက ရွှေပြည်သာ စက်မှုဇုန်(၃)ရှိ Myanmar Lighting Manufacturing ကုမ္ပဏီလီမိတက်သို့ ဂျပန်နိုင်ငံ၏ အဆင့်မြင့်နည်းပညာကို အသုံးပြု၍ လေးပေ၊ နှစ်ပေ လျှပ်စစ်မီးချောင်းထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရွှေပြည်သာ စက်မှုဇုန်(၃)ရှိ ရွှေရည်စံပယ် အဝတ်အထည်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် အထည်ချုပ်လုပ်ငန်းနှင့် World Apparel Manufacturing Co.,Ltd. ၏ ပြည်ပပို့ ဂျာကင်နှင့်ရှပ်အင်္ကျီများ ထုတ်လုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရွှေပြည်သာ စက်မှုဇုန်(၁)ရှိ Pacific Knitters Co.,Ltd. သိုးမွေးဆွယ်တာထိုးထည်လုပ်ငန်းနှင့် Yangon Lighting Co.,Ltd. ၏ လျှပ်စစ်မီးချောင်းထုတ်လုပ်မှု လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘုတလင်မြို့ ရေပေးဝေရေး ကွင်းဆင်း ဆောင်ရွက်

ဘုတလင် စက်တင်ဘာ ၂၈

ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စက်တင်ဘာ ၂၄ရက်က ဗန္ဓုလရပ်ကွက် ရေပေးဝေရေးရေစက်ရုံတွင် ရေစင်ကြံ့ခိုင်ရေးဆောင်ရွက်မှုနှင့် ရေစက်ရုံဝန်းကျင်သာယာလှပရေးဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းမှ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုးလွင်က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၉-၂၀၀၈ (တနင်္လာနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **ကိုယ့်စားကျက်မှာကိုယ်နေ** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၇:၅၀-၁:၅၀ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၈:၀၅-၂:၀၅ Soccer Update
- ၈:၂၀-၂:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅-၂:၂၅ ကမ္ဘာ့နှလုံးများနေ့ ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာတင်လတ်)
- ၈:၅၅-၂:၅၅ နိုင်ငံတကာအနုပညာရေးရာ
- ၉:၂၀-၃:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၃၀-၃:၃၀ **ဗုဒ္ဓဘာသာကို ဒဿန ပညာဖြင့် ချဉ်းကပ်ပူဇော်ခြင်း** တရားတော် [ဒေါက်တာချစ်ငယ်(ဒဿန) Ph.D]
- ၉:၅၀-၃:၅၀ စိုက်ပျိုးသီးနှံအောင်မြင်ဖို့ရာ အာဟာရစုံဖြည့်စွက်ပါ
- ၁၀:၀၅-၄:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၁၀-၄:၁၀ Internet Directory (Violet Internet Cafe)
- ၁၀:၃၀-၄:၃၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၃၅-၄:၃၅ မုန့်တိုင်းဒဏ်ရာထဲက ရတနာ
- ၁၀:၅၀-၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၀-၅:၀၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးခေါင်းဟင်းချိုနှင့် ဝက်သားလုံးခြသေ့်ခေါင်း)
- ၁၁:၁၅-၅:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀-၅:၂၀ ကျီးသဲမြို့မှစည်းလုံးချည်
- ၁၁:၃၀-၅:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၅-၅:၃၅ နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်ရာ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာရိပ်သာ
- ၁၁:၅၅-၅:၅၅ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း) ပါမောက္ခ ဒေါက်တာအက်စ်ကျော်လှနှင့် တွေ့ဆုံခြင်း
- ၁၂:၂၅-၆:၂၅ လုံခြုံနွေးထွေးမှုမှသည် ထူးချွန်ထက်မြက်သော အနာဂတ်ဆီသို့
- ၁၂:၄၀-၆:၄၀ တေးဂီတအစီအစဉ်
- ၁၂:၄၅-၆:၄၅ Biz Net
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တမူးမြို့၌ ပန်းအလှပင်များ စိုက်ပျိုး

တမူး စက်တင်ဘာ ၂၈

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အများပြည်သူများ အပန်းဖြေစိတ်ကြည်နူးစေရေးအတွက် ကျောက်တိုင်ပန်းခြံနှင့် လွတ်လပ်ရေးပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပုံဖော်ပြုပြင်ခြင်း၊ မြက်ခင်းများစိုက်ပျိုးခြင်းနှင့် ဥယျာဉ်အတွင်း ပန်းပွင့်များတင့်တယ်လှပစေရေးအတွက် စက်တင်ဘာ ၂၂ရက်က ခရာဝါ၊ ပန်းအိပင်များကို စိုက်ပျိုးခြင်းအား အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော့မောင်မောင် ဦးစီး၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းကျော်တို့ ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ၃နာရီတွင် ဗိုလ်တထောင်မြို့နယ် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုသည်။

အလှူတော်ငွေ

ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်းသို့ လှူဒါန်းမှုမှာ ဆွမ်းဆန်တော် ၁၉၁အိတ်၊ ဆီ ၄၂ပိဿာ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား အထုပ် ၅၀၀၊ ပဲ ၇၆ပိဿာ ၆၀ကျပ်သား၊ ခြင်ဆေးခွေဘူး ၃၂၀၊ သွားတိုက်ဆေး ၄၃၂ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၇၂၁ဘူး၊ ပါရာစီတမော့ဆေးဘူး ၅၀၊ သီးစုံဓာတ်ဆားအထုပ် ၅၀၀၊ ငရုတ်သီးမှုန့်အထုပ် ၅၀၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၂၉၉၄၅၀၉၅တို့ဖြစ်သည်။

မင်္ဂလာတောင်ညွန့်

အလားတူ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး သီလရှင်များ၏ ဘိုးဘွားရိပ်သာသို့ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆန်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ခဲ့ကြောင်း၊ ကန်တော်လေး သီလရှင်များ၏ ဘိုးဘွားရိပ်သာသို့ လှူဒါန်းမှုမှာ ဆန် ၅၁အိတ်သုံးပြည်၊ ဆီ ၁၉ပိဿာ ၃၀ကျပ်သား၊ ပဲ ၃၈ပိဿာ ၆၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၉၃ပိဿာ၊ သွားတိုက်ဆေး ၄၃၂ဘူး၊ တိုင်းရင်းဆေးမျိုးစုံ၂၅၆ဘူး၊ ခြင်နိုင်ဆေးဘူး ၃၂၀၊ သွားတိုက်ဆား ၃၈ဘူး၊ ငရုတ်သီးမှုန့်အထုပ် ၅၀၀ နှင့် အလှူတော်ငွေကျပ် ၅၄၅၉၃၁၁တို့ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက်ဖောင်ပိတ်သတင်း

တရုတ်(တိုင်ပေ)သို့ ကျန်းမီမုန်တိုင်းတိုက်ခတ်

ပေကျင်း စက်တင်ဘာ ၂၈

တရုတ်(တိုင်ပေ)သို့ စက်တင်ဘာ၂၈ရက်က ကျန်းမီအမည်ရှိ အင်အားပြင်းထန်သောမုန်တိုင်း ဝင်ရောက်တိုက်ခတ်ရာ နေအိမ်အများအပြားပျက်စီးပြီး ဓာတ်တိုင်များပြိုလဲကာ ဓာတ်အားများ ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

ကျန်းမီမုန်တိုင်းသည် တစ်နာရီ မိုင်၁၀၀ခန့်နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ကျန်းမီမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ်အများအပြား ဖျက်သိမ်းခဲ့ရသည်။



ကိုင်လီမုန်တိုင်း ကနေဒါသို့ ဦးတည်ရွေ့လျားနေ

အိစ်စပို့ စက်တင်ဘာ ၂၈

ကနေဒါနိုင်ငံ နိုဗာစကိုတီရာပြည်နယ်သို့ ဦးတည်ကာ စက်တင်ဘာ ၂၈ရက်က ကိုင်လီအမည်ရှိ ဟာရီကိန်းမုန်တိုင်း ဦးတည်ရွေ့လျားနေကြောင်း ကနေဒါနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

သတိပေးချက်ထုတ်ပြန်

ကိုင်လီမုန်တိုင်းသည် တစ်နာရီလျှင် မိုင်၆၀ကျော်နှုန်း တိုက်ခတ်နိုင်ပြီး မုန်တိုင်းတိုက်ခတ်ချိန်၌ ပင်လယ်ရေမျက်နှာပြင်သည် ပေ၂၀အထိ မြင့်တက်နိုင်ကြောင်း၊ ထို့အပြင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများလည်း ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည်။

နီပေါအနောက်ပိုင်း၌ ရေလွှမ်း မြေပြို

ခတ္တမန္ဒူ စက်တင်ဘာ ၂၈

နီပေါနိုင်ငံအနောက်ပိုင်းတွင် ရေလွှမ်းမှုနှင့် မြေပြိုမှုများကြောင့် စက်တင်ဘာ ၂၈ရက်၌ သေဆုံးသူဦးရေမှာ ၆၄ဦးရှိလာခဲ့ပြီဖြစ်ကြောင်း နီပေါအရာရှိများက ပြောကြားသည်။

ရေလွှမ်းမှု အဆိုးရွားဆုံးကြုံတွေ့ရသည့်ဒေသများမှာ နီပေါအနောက်ပိုင်း အစွန်ဆုံးဒေသများဖြစ်သလို မြေပြိုမှုဖြစ်ပွားသည့်ဒေသများမှာ အလယ်ပိုင်းဒေသများဖြစ်သည်။ ရေလွှမ်းသည့်နေရာမှာ ကိုင်လာရီ၊ ကန်ချာပူရာ၊ ဘာဂူရာနှင့် ဒိုတီဒေသများ ဖြစ်သည်။

ဗီယက်နမ်မြောက်ပိုင်း၌ရေလွှမ်း၊ သေဆုံးသူ ၅၀အထိရှိလာ

ဟနွိုင်း စက်တင်ဘာ ၂၈

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေလွှမ်းမှုများကြောင့် စက်တင်ဘာ ၂၈ရက်အထိ သေဆုံးသူဦးရေမှာ ၅၀အထိ ရှိလာပြီဖြစ်ကြောင်း ဗီယက်နမ် မိုးလေဝသအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ဗီယက်နမ်မြောက်ပိုင်းဒေသများ၌ ရေလွှမ်းမှုဆက်လက်ဖြစ်ပွားရာ သေဆုံးသူဦးရေမှာ ဆက်လက်တိုးမြင့်လာဖွယ်ရှိကြောင်း၊ ထို့ပြင် ဗီယက်နမ်နှင့် ထိုင်းနယ်စပ်ဒေသများ၌လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၉-၂၀၀၈ရက် (တနင်္လာနေ့)
(၁၃၇၀ပြည့်နှစ်၊ တော်သလင်းလကွယ်နေ့ ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ထူးမြတ်တင့်ဆန်းကြာသင်္ကန်း
၈:၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၆။ အကပဒေသာ
၈:၂၀ ၇။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက် တေးသီချင်းများ) (အခြေခံပညာ ၁၅-၂၀) (အမျိုးသမီး)**
၈:၃၀ ၈။ International News
၈:၄၀ ၉။ Islands of Dhamma
၈:၄၅ ၁၀။ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) သဒ္ဓမ္မသီတဂူချောင် စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းရိုးရာတေးသံ
၄:၃၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု)(အထက-၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၅:၂၅ ၇။ **ပြည်သူ့အတွက် ၂၄နာရီ** (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ (ဒါရိုက်တာ အောင်ထွန်းထွန်းလွင်)
၅:၃၅ ၈။ **စီးဆင်းပါစေမေတ္တာရည်** မေကဗျာ၊ ဖူးဖူး (ဒါရိုက်တာ ခင်ဇော်၊ ကုမုဒြာ)
၅:၄၅ ၉။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အလှရာမယ်၊ လှကမ္ဘာဝယ်
၆:၅၀ ၁၃။ အတီးပြိုင်ပွဲ
၇:၀၀ ၁၄။ **သူရွှေးသီရာတေးကဗျာ**
၇:၂၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းပျိုးလက်** (အပိုင်း-၁၃)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မျက်ဝန်းရိပ်** (အပိုင်း-၁၃)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်၁၀မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၁။ အစီအစဉ်ပြီး၏။

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊ ခန်းခဲ့ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

မွန်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၈

မွန်ပြည်နယ် ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၄ရက်က မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြေအောင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ် မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းမန်နေဂျာ ဦးဝင်းသိန်းက မွန်ပြည်နယ်အတွင်း အိုင်အိုဒင်းဆားထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူးက ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ပြိုင်ပွဲတို့၌ ပထမဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက စာစီစာကုံးပြိုင်ပွဲ၌ ဒုတိယဆုရရှိကြသူများအားလည်းကောင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက စာစီစာကုံးပြိုင်ပွဲ၌ တတိယဆုရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်အားတိုးဆေးနှင့် ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများကို တိုက်ကျွေးကြပြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မိုင်းရယ်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

မိုင်းရယ် စက်တင်ဘာ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ ၁၁ရက် နံနက် ၁၀နာရီက မိုင်းရယ်မြို့နယ် ရတနာခန်းမ၌ ကျင်းပသည်။

အလှူငွေများပေးအပ်

အခမ်းအနားတွင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်တို့က အမှာစကားပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းတွမ်းဆာ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်သန်းဌေးတို့က နှစ်ပတ်လည်အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ အလှူငွေများပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

လှူဒါန်း

ပြည်နယ်နှင့် ခရိုင်အသင်းမှ မိုင်းရယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် ငွေကျပ်ငါးသောင်းနှင့် ဗလာစာအုပ် ဒါဇင်၄၀ လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နစ်ဆန်းမော်တော်ကားကုမ္ပဏီ၏ အရောင်းဈေးကွက် တစ်နေရာကို စက်တင်ဘာ ၂၈ရက်က တွေ့ရစဉ်။ (၄င်းနစ်ဆန်းကား အမျိုးအစားသည် အာရှစီးပွားရေး ဈေးကွက်၌ အကြီးမားဆုံးဖြစ်သည်။)
(အင်တာနက်ဓာတ်ပုံ)

ချူကလီးယားဒြပ်စင်ခြောက်မှု တားဆီးရေးစနစ် တည်ဆောက်မည်ဟု ရုရှားသမ္မတထုတ်ဖော်ကြေညာ

မော်စကို စက်တင်ဘာ ၂၈

ရုရှားနိုင်ငံက ၂၀၂၀ ပြည့်နှစ်အပြီး နျူကလီးယားဒြိမ်းခြောက်မှု တားဆီးရေးစနစ် တည်ဆောက်မည့် အစီအစဉ်များကို ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က စက်တင်ဘာ ၂၇ရက်၌ ထုတ်ဖော်ကြေညာသည်။

စစ်ဘက်အကြီးအကဲများက လာမည့်ဒီဇင်ဘာလအမီ အစီအစဉ်များ တင်သွင်းစေလိုကြောင်း သမ္မတမက်ဗီဒက်ဗ်က ပြောကြားသည်။

တိုက်တွန်း

နျူကလီးယား ရေငုပ်သင်္ဘောများနှင့်တကွ လေကြောင်းကာကွယ်ရေးစနစ် တည်ဆောက်ရေးအတွက် အစီအစဉ်ချမှတ်ဆောင်ရွက်ရန် ၄င်းကတိုက်တွန်းလိုက်သည်။

ပိုလန်နိုင်ငံ၌ ဒုံးကျည်ကာကွယ်ရေး စနစ်ထားရှိမှုကို လက်နက်အပြိုင်တပ်ဆင်မှု စတင်နေပြီဟု အမေရိကန်နိုင်ငံအားဝေဖန်ပြီး ရက်သတ္တအနည်းငယ်မျှ အကြာတွင် ရုရှားသမ္မတက ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

အာမခံ

၂၀၂၀ ပြည့်နှစ် နိုင်ငံရေးနှင့်စစ်ရေး အခြေအနေများအရ မိမိတို့သည် နျူကလီးယားဒြိမ်းခြောက်မှုကို တားဆီးရန် အာမခံနိုင်ရမည်ဖြစ်ကြောင်း တပ်မှူးများအား သမ္မတမက်ဗီဒက်ဗ်က ပြောကြားလိုက်သည်။ (အင်တာနက်)

သမ္မတလောင်းဂျွန်မက်ကိန်းနှင့် ဘားရက်အိုဘားမား စီးပွားရေးနှင့်နိုင်ငံခြားရေးရာ သဘောထားကွဲလွဲ

ဝါရှင်တန် စက်တင်ဘာ ၂၈

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားနှင့်ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းတို့ မစ္စစ္စပီပြည်နယ် အောက်စဖို့ဒ်၌ စက်တင်ဘာ ၂၇ရက်ညက နှစ်ဦးစကားအချေအတင် ဟောပြောစည်းရုံးမှု ပြုလုပ်ရာတွင် စီးပွားရေးရာနှင့် နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ သဘောထားကွဲလွဲခဲ့ကြသည်။

အိုဘားမား



ဂျွန်မက်ကိန်း

အစိုးရအနေဖြင့် အသုံးစရိတ်လျှော့ချရန်လိုအပ်ကြောင်း ဂျွန်မက်ကိန်းက ပြောကြားလိုက်ပြီး ကြိုတင်လျာထားသည့် ဥပဒေကြမ်းတိုင်းကို ဗီတိုဖြင့်ပယ်ချရန် ထပ်မံတိုက်တွန်းလိုက်သည်။

ဘားရက်အိုဘားမားကမူ နိုင်ငံအနေဖြင့် ကြိုတင်လျာထားသည့် ပြုပြင်ပြောင်းလဲမှုများ လုံးဝလိုအပ်ကြောင်း ပြောကြားသည်။ သို့သော် အမှန်အားဖြင့် ကြိုတင်လျာထားချက်များကို ဖယ်ရှားရုံမျှဖြင့် လူလတ်တန်းစားများကို ပံ့မှန်လမ်းကြောင်းပေါ်ပြန်ရောက်ရန် မည်သို့ဆက်လုပ်ရမည်ဆိုသည့်ကိစ္စတွင် အောင်မြင်မှု လမ်းစ မဟုတ်ကြောင်း ရှင်းလင်းပြောကြားသည်။

တွန်းအားပေး

ဤနိုင်ငံတွင် အလုပ်အကိုင် ပိုမိုရရှိရေး တွန်းအားပေးရန် စီးပွားရေးရာ အကောက်အခွန်များ လျှော့ချမည်ဟု ဂျွန်မက်ကိန်းက ပြောကြားသည်။

ဘားရက်အိုဘားမားကမူ အမေရိကန်မိသားစုများ၏ ၉၅ရာခိုင်နှုန်းအတွက် အခွန်များလျှော့ချမည်ဟု ပြောကြားသည်။ စီးပွားရေးကျဆင်းပြီးနောက်ပိုင်း အမေရိကန်နိုင်ငံသည် အဆိုးရွားဆုံး ငွေကြေးအကျပ်အတည်းနှင့် ကြုံတွေ့နေရကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။

အရေးယူပိတ်ပင်

အမေရိကန်အနေဖြင့် အီရန်နျူကလီးယားအစီအစဉ်ကို သည်းခံနိုင်မည်မဟုတ်ကြောင်း၊ အီရန်အား ပိုမို ပြတ်ပြတ်သားသား အရေးယူပိတ်ပင်ရမည်ဟု အိုဘားမားက ပြောကြားသည်။

ဆုံးဖြတ်မည်

အီရန်အား ဒီမိုကရေစီနိုင်ငံများက ဝိုင်းဝန်းဟန့်တားရမည်ဟု ဂျွန်မက်ကိန်းက ပြောကြားပြီး အီရတ်မှ အမေရိကန်တပ်များ မည်သည့်အချိန်၊ မည်သို့ရုပ်သိမ်းရမည်ကိုနောက်တက်လာမည့် သမ္မတက ဆုံးဖြတ်ရလိမ့်မည်ဟုလည်း ဂျွန်မက်ကိန်းက ပြောကြားခဲ့သည်။

အမ်အင်န်အေဆင်ဟွာ

အမေရိကန်နှင့်အပေါင်းပါတပ်များ ဘာဂျော်ဒေသသို့ မဝင်ရောက်ရေး ပါကစ္စတန်စစ်ဘက်က သတိပေးပြောကြား

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၈

ပါကစ္စတန်စစ်ဘက်က မိမိတို့အနေဖြင့် အာဖဂန်နစ္စတန်နှင့် ထိစပ်နေသော ၄င်းတို့၏ပိုင်နက် နယ်စပ်တွင် စစ်သွေးကြွများအား နှိမ်နင်းနေချိန် အမေရိကန်တို့အနေဖြင့် မိမိတို့၏ပိုင်နက်မှ ကင်းကင်းရှင်းရှင်းနေရန် စက်တင်ဘာ ၂၇ရက်၌ သတိပေးပြောကြားသည်။

သတင်းထုတ်ပြန်

ပါကစ္စတန်နိုင်ငံအနေဖြင့် နယ်ခြားဒေသတွင် အကြမ်းဖက်မှုများကို တိုက်ခိုက်နှိမ်နင်းရာတွင် အမေရိကန်တို့၏ အင်အားကို မလိုကြောင်း၊ ယင်းဒေသသည် နှစ်လအတွင်း တည်ငြိမ်သွားလိမ့်မည်ဟု ကြိုတင်ခန့်မှန်းကြောင်း ဗိုလ်ချုပ်တာရစ်ခန်၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာမီဒီယာများက စက်တင်ဘာ ၂၇ရက်တွင် သတင်းထုတ်ပြန်သည်။

ပြောကြား

ဘာဂျော်ဒေသတွင် တည်ငြိမ်မှုရရန် မိမိ၏သတ်မှတ်ကာလမှာ တစ်လခွဲမှနှစ်လအတွင်း သတ်မှတ်ထားရှိကြောင်း တည်ငြိမ်မှု ကင်းမဲ့နေသော ဘာဂျော်ဒေသသို့ စစ်ဆင်ရေးခရီးစဉ်ဖြင့်ရောက်ရှိစဉ် ဗိုလ်ချုပ်တာရစ်ခန်က သတင်းထောက်များအား ပြောကြားသည်။

ဦးတည်

ခန်သည် ဘာဂျော်ဒေသရှိ စစ်သွေးကြွများ၏ ဥမင်စနစ်များနှင့် ကတုတ်ကျင်းအနေအထားကို ဓာတ်ပုံများနှင့် တကွ ရှင်းလင်းပြသခဲ့ပြီး ယင်းဒေသတွင် အယ်လ်ခိုင်ဒါနှင့်တာလီဘန်ခေါင်းဆောင်များ ပုန်းခိုနေသည့် ဒေသများနှင့် ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိသောကြောင့် တိုက်ပွဲများပိုမိုပြင်းထန်စွာ ဖြစ်ပွားနိုင်သည့် အခြေအနေသို့ ဦးတည်နေကြောင်း တာရစ်ခန်က ပြောကြားခဲ့သည်။

တိုက်တွန်း

ထိုအတောအတွင်း ယင်းဘာဂျော်ဒေသတွင် အကြမ်းဖက်သမားများအား တိုက်ခိုက် ထိုးစစ်ဆင်မည် ဖြစ်သောကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်များ အနေဖြင့် ပါကစ္စတန်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဖြစ်သည့် ယင်းဒေသသို့ ဝင်ရောက်ခြင်းမပြုကြရန် ပါကစ္စတန်အစိုးရပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်သည့် အက်ခ်ရစ်ရှာဟီဒီက တိုက်တွန်းပြောကြားသည်။

(အင်တာနက်)

ဆိုမာလီကမ်းလွန်၌ ယူကရိန်းသင်္ဘော အပိုင်စီးခံရ

နိုင်ရိုဘီ စက်တင်ဘာ ၂၈

ဆိုမာလီနိုင်ငံကမ်းလွန်တွင် ယူကရိန်းသင်္ဘောတစ်စင်းကို ဆိုမာလီလက်နက်ကိုင်များက အပိုင်စီးသွားခဲ့ကြောင်း ဆိုမာလီနိုင်ငံ ကမ်းရိုးတန်းလုံခြုံရေးတပ်ဖွဲ့ အရာရှိများက စက်တင်ဘာ ၂၇ရက်၌ ပြောကြားသည်။

အဆိုပါ သင်္ဘောတွင် သင်္ဘောသား ၂၁ဦးနှင့်အတူ စစ်ဘက်သုံး သံချပ်ကာယာဉ် ၃၈စီးကို သယ်ဆောင်လာခြင်းဖြစ်ရာ ဆိုမာလီလက်နက်ကိုင်များက ကြားဖြတ်အပိုင်စီးသွားခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်တောင်ပိုင်း ချုံခိုတိုက်ခိုက်မှု တာလီဘန် ၂၀ သေဆုံး

ကဘူးလ် စက်တင်ဘာ ၂၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်အတွင်း နေတိုးတပ်ဖွဲ့များအတွက် ထောက်ပို့ပစ္စည်းများ တင်ပို့သည့်တပ်ကို တာလီဘန်တို့က စက်တင်ဘာ ၂၆ရက် နံနက်ပိုင်းတွင် ချုံခိုတိုက်ခိုက်စဉ် တာလီဘန် ၂၀သေဆုံးကြောင်း အာဖဂန်နစ္စတန်အရာရှိက ပြောကြားသည်။

ချုံခိုတိုက်ခိုက်

ထိုသို့ ထောက်ပို့ပစ္စည်းများ တင်ဆောင်သည့်ယာဉ်တန်းကို တာလီဘန်တို့က ချုံခိုတိုက်ခိုက်သဖြင့် အာဖဂန်နစ္စတန် ရဲများက ဝိုင်းဝန်းခုခံတိုက်ခိုက်ခဲ့ရာ တာလီဘန် စစ်သွေးကြွ ၂၀သေဆုံးသည့်ပြင် ထရပ်ကားနှစ်စီး ပျက်စီးသွားသည်။

အမ်အင်န်အေဆင်ဟွာ

ဟောင်ကောင်မှ ဘီစကွတ်သုံးမျိုးနှင့် နို့ဘီစကွတ်တစ်မျိုး မယ်လမင်းဓာတ်ပါဝင်မှုများသဖြင့် အန္တရာယ်ရှိ

ပေကျင်း စက်တင်ဘာ ၂၈

တရုတ်ပြည် ဟောင်ကောင်အစားအစာအန္တရာယ်ကင်းရှင်းမှု စစ်ဆေးရေးဌာနက နို့ထွက်ပစ္စည်းများနှင့် ကလေးသူငယ်အစားအစာများတွင် အန္တရာယ်ဖြစ်လောက်အောင် မယ်လမင်းဓာတ်ပါဝင်မှုကြောင့် အန္တရာယ်ရှိ မရှိ စမ်းသပ်မှု၏နောက်ဆုံးရလဒ်ကို စက်တင်ဘာ ၂၇ရက်က ထုတ်ပြန်ကြေညာသည်။

ဟောင်ကောင် အစားအစာ အန္တရာယ်ကင်းရှင်းမှုစစ်ဆေးရေးဌာန (စီအက်ဖ်အက်စ်)က ဒေသတွင်း ထုတ်လုပ်သည့် ကိတ်မုန့်၊ပေါင်မုန့်၊ နို့၊နို့ထွက်ပစ္စည်းများ၊ တရုတ်ပြည်မကြီးမှ ထုတ်လုပ်သည့် နို့၊ နို့ထွက်ပစ္စည်းများ၊ တရုတ်ပြည်မကြီးနှင့် ပင်လယ်ရပ်ခြားထုတ်လုပ်သည့် အခြားသောစားသောက်ကုန်ပစ္စည်းများအပါအဝင် အမျိုးအမည်ပေါင်း ၁၄၅ခုကို စမ်းသပ်ခဲ့သည်။

ဘီစကွတ် သုံးမျိုး၊ နို့ဘီစကွတ်တစ်မျိုးမှအပ ကျန် ၁၄၁ မျိုးလုံးတွင် မယ်လမင်းဓာတ်ပါဝင်မှုမှာ လက်ခံနိုင်စရာရှိသဖြင့် ဘေးအန္တရာယ် ကင်းရှင်းကြောင်းသိရသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။ အမ်အင်န်အေဆင်ဟွာ

ဆီးရီးယား ဒမတ်စကတ်မြို့၌ ကားဗုံးပေါက်ကွဲ ၁၇ဦးသေဆုံး ပြည်သူအများအပြား ဒဏ်ရာရရှိ

ဒမတ်စကတ် စက်တင်ဘာ ၂၈

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တွင် စက်တင်ဘာ ၂၇ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ ၁၇ဦးသေဆုံးပြီး ပြည်သူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယားအရာရှိများက ပြောကြားသည်။

ထိခိုက်ပျက်စီး

ဗုံးပေါက်ကွဲမှုမှာ ဒမတ်စကတ်မြို့တောင်ပိုင်းအရပ်၌ ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုဖြစ်သည်။ ဗုံးပေါက်ကွဲမှုအရှိန်ကြောင့် မီတာ ၁၀၀အကွာရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးသွားသည်။

စုံစမ်းစစ်ဆေး

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ လောလောဆယ် မည်သူ့လက်ချက်ဆိုသည်ကို အတိအကျမသိရသေးကြောင်း အရာရှိများက ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ထိခိုက်ပျက်စီးသွားသည့် အိမ်ခန်းအချို့ကို စက်တင်ဘာ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားနိုင်ငံ ဘူဂိုမြို့ရှိ ဂျင်စင်းရောင်းချရေး အလုပ်ရုံ၌ ကိုရီးယားဂျင်စင်းမြစ်များ သန့်စင်ရေး လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အင်တာနက်ကျန်းမာရေး

လက်ကိုင်ဖုန်းကြာမြင့်စွာပြောခြင်းဖြင့် ဦးနှောက်၌အကျိတ်ဖြစ်ပွားနိုင်ဟုဆို

လက်ကိုင်ဖုန်းကို အချိန်ကြာမြင့်စွာ နေ့စဉ်အသုံးပြုစကားပြောကြားလေ့ရှိသူများသည် ဦးနှောက်၌ အကျိတ်ဖြစ်ပွားမှုရှိနိုင်ကြောင်း၊ အထူးသဖြင့် ဦးနှောက်ကင်ဆာဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း အမေရိကန် သုတေသနပညာရှင်များက သတိပေးလိုက်သည်။

လက်ကိုင်ဖုန်းသုံးစွဲ

လက်ကိုင်ဖုန်းသုံးစွဲမှုနှင့် ဦးနှောက်ကင်ဆာဖြစ်ပွားမှုများ ဆက်စပ်မှုရှိမရှိ လေ့လာခဲ့ရာ သာမန်ထက် လက်ကိုင်ဖုန်းသုံးစွဲသူများသည် ဦးနှောက်ကင်ဆာ ဖြစ်ပွားမှုနှုန်း ပိုမိုများကြောင်း သိရသည်။

ဆဲလ်များပျက်စီး

စကားပြောစဉ် လက်ကိုင်ဖုန်းမှထွက်ရှိသော သံလိုက်စက်ကွင်းနှင့် ရေဒီယိုလှိုင်းများသည် လူတို့၏ ဦးနှောက်ကို ပြင်းထန်စွာရိုက်ခတ်လျက်ရှိရာမှ ဦးနှောက်ဆဲလ်များပျက်စီးတတ်ကြောင်း အမေရိကန် အယ်ဘာနီတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဟာဘာမင်က ပြောကြားသည်။

ချို့ယွင်းမှု

လက်ကိုင်ဖုန်း အသုံးပြုမှုများခြင်းသည် နာ့ဗ်ကြောများ တုန်ခါမှုကို ကြိမ်ဖန်များစွာ ရိုက်ခတ်စေသည့်အပြင် ဦးနှောက် မှတ်ဉာဏ် ချို့ယွင်းမှုများလည်း ဖြစ်ပွားစေတတ်ကြောင်းနှင့် ဦးနှောက်ကင်ဆာဖြစ်ပွားမှု အခွင့်အလမ်းများကြောင်း သိရသည်။

သူ့အမြင်.... | ဘဝအမောပြေ

အကျိုးဆောင်ကုမ္ပဏီတစ်ခု၌ အလုပ်လာလျှောက်သူ လူငယ်တစ်ဦးကို အရာရှိတစ်ဦးက မေးလေသည်။

အရာရှိ ။ ။ ဒို့ကုမ္ပဏီမှာအလုပ်လုပ်ရင် ဗဟုသုတများရတယ်။
လူငယ် ။ ။ ဟုတ်ကဲ့…လေ့လာထားပါတယ်။
အရာရှိ ။ ။ အမြင်လည်းကျယ်ပြီး ထိုးထွင်းဉာဏ်လည်း ရှိရမယ်။
လူငယ် ။ ။ ဟုတ်ကဲ့…ကြိုးစားပါ့မယ်။
အရာရှိ ။ ။ မေးခွန်းတစ်ခု ဗဟုသုတအဖြစ်မေးပါ့မယ်။
လူငယ် ။ ။ ဟုတ်ကဲ့ပါ။
အရာရှိ ။ ။ အမျိုးသားနဲ့အမျိုးသမီး လက်ထပ်ထိမ်းမြားကြတာကို မောင်ရင် ဘယ်လိုမြင်လဲ။
လူငယ် ။ ။ ကြိုးဝိုင်းအတွင်း လက်ဇွေ့စထိုးတော့မယ့်လူနှစ်ဦး လက်ဆွဲနှုတ်ဆက်နေတာလို့ပဲ ထင်ပါတယ်။
အရာရှိ ။ ။ **'ဟေ'**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

သူတို့အတွေးနှင့်အမြင်

A man in debts is caught in a net.

ကြွေးတင်နေသော လူတစ်ယောက်သည် ပိုက်ကွန်တစ်ခုထဲ၌ မိနေသူသဖွယ် ဖြစ်ချေသည်။

ဂျိုးဇက်ပရက်စလေ
(အင်္ဂလိပ်လူမျိုး ဘာသာရေးသမားနှင့်အတွေးအခေါ်ပညာရှင်)

The laughter of girls is, and even was, among the delightful sounds of earth.

မိန်းမပျိုလေးများ၏ ရယ်မောသံသည် ကမ္ဘာပေါ်ရှိ သာယာနာပျော်ဖွယ်အသံများအနက် တစ်ခုဖြစ်ခဲ့သကဲ့သို့ ဖြစ်နေဆဲလည်းဖြစ်သည်။

သောမတ်စ်ဒီကွင်စီ
(အင်္ဂလိပ်လူမျိုး စာရေးဆရာ)

နီပေါဆေးရုံအတွက် တရုတ်မှဆေးဝါးများလှူဒါန်း

ခတ္တမန္ဒူ စက်တင်ဘာ ၂၈

နီပေါနိုင်ငံ ချက်တဝမ်မြို့ရှိ ဘီပီကေကိုရာလာမီမိုရယ် ကင်ဆာဆေးရုံအတွက် တရုတ်အစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ နှစ်သောင်းတန်ဖိုးရှိ ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

စွမ်းဆောင်

တရုတ်အစိုးရ၏ အစီအစဉ်အနေဖြင့် နီပေါနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကျန်ဇီလင်းက ကင်ဆာဆေးရုံအတွက် ဆေးဝါးများကို လွှဲပြောင်းပေးအပ်ပြီးနောက် လွန်ခဲ့သည့် ကိုးနှစ်တာကာလကတည်းက နှစ်နိုင်ငံကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဘီပီကေကိုရာလာမီမိုရယ် ကင်ဆာဆေးရုံမှာ ချက်တဝမ်ဒေသနှင့် နီပေါနိုင်ငံတစ်ခုလုံးအတွက် အဓိကဆေးရုံတစ်ရုံဖြစ်ကာ ကောင်းမွန်သော ဆေးဝါးကုသမှုများကို စွမ်းဆောင်ပေးနိုင်သည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

နှစ်နိုင်ငံဆက်ဆံရေး

တရုတ်နိုင်ငံအနေဖြင့် နီပေါနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ကူညီရန်အသင့်ရှိနေပြီး တရုတ်နိုင်ငံနှင့်နီပေါနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်သံအမတ်ကြီးက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ဆလိုဗားကီးယားနိုင်ငံ၏ပုံရိပ်.... | သတင်းအက်ဆေး

ဆလိုဗားကီးယားနိုင်ငံသည် ဥရောပ ဗဟိုအရှေ့ပိုင်းဒေသတွင် တည်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့် သမိုင်းဆက်နွယ်ရောနှောလျက်ရှိသော်လည်း ဆလိုဗေးကီးယား ဘာသာစကားနှင့် ထူးခြားသည့် ယဉ်ကျေးမှုအစဉ်အလာများကို နိုင်ငံအတွက် ဂုဏ်ယူဖွယ် ထိန်းသိမ်းထားနိုင်သည်။

၁၉၉၃ခုနှစ် ဇန်နဝါရီလအထိ ဤနိုင်ငံသည် ချက်ကိုဆလိုဗားကီးယား သမ္မတနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်။

ရွေးချယ်တင်မြှောက်

၁၉၉၃ခုနှစ် ဇန်နဝါရီလတွင် ချက်ကိုဆလိုဗားကီးယားသမ္မတနိုင်ငံ နှစ်ခြမ်းကွဲပြီးနောက် ဤနိုင်ငံပေါ်ပေါက်လာသည်။ ပါလီမန်က ဆလိုဗားကီးယား ဒီမိုကရေစီလုပ်ရှားမှု(အက်ဒီအက်စ်)ပါတီမှ မိုက်ကယ်ကိုဗက်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ညွန့်ပေါင်းအစိုးရဝန်ကြီးချုပ်အဖြစ် အမ်ဒီအက်စ်ပါတီမှ ဗလာဒီမာမက်ကိုင်းယားအား တာဝန်ပေးသည်။

ညွန့်ပေါင်းအစိုးရ

၁၉၉၄ခု မတ်လတွင် မက်ကိုင်းယားအစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်ပြီးနောက် အဆိုအနိုင်ရသဖြင့် ဆလိုဗားကီးယား ဒီမိုကရက်တစ်သမဂ္ဂပါတီမှ ဂျိုးဇက်မိုရက်စစ်က ညွန့်ပေါင်းအစိုးရဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၉၄ခုနှစ် ဒီဇင်ဘာလ ရွေးကောက်ပွဲအပြီး မက်ကိုင်းယားပင် ညွန့်ပေါင်းအစိုးရသစ်ကို ဦးဆောင်ခဲ့သည်။

ရာထူးမှဖယ်ရှား

၁၉၉၈ခုနှစ် မတ်လတွင် သမ္မတကိုဗက်၏ သမ္မတသက်တမ်းကုန်ဆုံးပြီး ပါလီမန်က ရာထူးဆက်ခံမည့်သူ တစ်ဦးခန့်အပ်ရန် ညှိနှိုင်းမရသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရှေ့မတိုးနောက်မဆုတ်အခြေသို့ ဆိုက်ရောက်ရသည်။ သို့ဖြင့် ဝန်ကြီးချုပ်မက်ကိုင်းယားက သမ္မတအာဏာကို ယူလိုက်ရသဖြင့် ဆန္ဒပြကန့်ကွက်မှုများ ပေါ်ပေါက်သည်။ အီးယူက ပြစ်တင်ရှုတ်ချသည်။ သမ္မတအာဏာရယူချိန်အတွင်း သံအမတ်ကြီးများအနက် ထက်ဝက်ခန့်ကို ရာထူးမှဖယ်ရှားသည့်အပြင် သမ္မတကိုဗက်၏ ဆုံးဖြတ်ချက် သုံးလေးခုကိုလည်း ပယ်ဖျက်သည်။

လက်လွှတ်လိုက်ရ

၁၉၉၈ခုနှစ် စက်တင်ဘာနှင့်အောက်တိုဘာလတွင် ရွေးကောက်ပွဲကျင်းပပြီးနောက် မက်ကိုင်းယား ဝန်ကြီးချုပ်ရာထူး လက်လွှတ်လိုက်ရပြီး မိုက်ကလပ်ဇူရင်ဒါ ညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

၁၉၉၉ခုနှစ် ဇန်နဝါရီလတွင် သမ္မတကို ပြည်သူတို့က တိုက်ရိုက်ရွေးချယ်ရေးဥပဒေသစ်တစ်ရပ်ကို ပါလီမန်က အတည်ပြုဆုံးဖြတ်လိုက်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တစ်နှစ်နီးပါးကြာ အကျပ်အတည်း အဆုံးသတ်သွားသည်။

၁၉၉၉ခုနှစ် မေလတွင် ဆလိုဗားကီးယားနိုင်ငံ၏ ပထမဆုံးတိုက်ရိုက်ရွေးချယ်သည့် သမ္မတရွေးကောက်ပွဲကို အနောက်အုပ်စုလိုလားသည့် ရူဒေါ့ရှူစတာ အနိုင်ရသည်။

ဒုတိယအကြိမ်ရွေးချယ်

၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ ဒေသဆိုင်ရာ ပါလီမန်ရှစ်ခု ဖွဲ့စည်းသည်။ ယင်းမှာ အီးယူဝင်ရောက်ရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည်။ ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် ဝန်ကြီးချုပ် ဇူရင်ဒါညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ်ရွေးချယ်ခံရသည်။

၂၀၀၄ခုနှစ် မတ်လတွင် နေတိုးတပ်ဖွဲ့ဝင်ဖြစ်ပြီး မေလတွင် အီးယူအဖွဲ့ဝင်သစ် ၁၀နိုင်ငံတွင်ပါဝင်ကာ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

၂၀၀၄ခုနှစ် ဧပြီလ ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟောင်း မက်ကိုင်းယားကို အိုင်ဖန်ဂက်စပါရိုဗစ်က အနိုင်ယူလိုက်သည်။

အတိုက်အခံခေါင်းဆောင်

၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင်တွင် လက်ဝဲအတိုက်အခံခေါင်းဆောင် ရောဘတ်ဖီကိုက သုံးပါတီညွန့်ပေါင်းအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်လာသည်။

ကြေညာ

၂၀၀၆ခုနှစ် အောက်တိုဘာလတွင် အီရတ်နိုင်ငံရှိ ဆလိုဗားကီးယား တပ်ဖွဲ့ဝင်များကို ၂၀၀၇ခုနှစ်ကုန်တွင် ရုပ်သိမ်းမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရောဘတ်ဖီကိုက ကြေညာသည်။ ကြေညာသည့်အတိုင်းလည်း ပြန်ခေါ်ခဲ့သည်။

မက်ကိုင်းယား၏ အမ်ဒီအက်စ်ပါတီ၊ အခြားလက်ယာပါတီတစ်ခုတို့နှင့် ပေါင်းကာ သုံးပါတီညွန့်ပေါင်းဖွဲ့ထားသော ဝန်ကြီးချုပ်ဖီကို၏အစိုးရမှာ မြေယာသဘောတူညီမှုကိစ္စများနှင့်စပ်လျဉ်း၍ ၂၀၀၇ခုနှစ် ကုန်ပိုင်းက ကွဲကြ ပြဲကြတော့မည့်နီးပါး အခြေသို့ ဆိုက်ခဲ့သေးသည်။ သို့သော် ပြန်လည်ရင်ကြားစေ့ပြီးနောက် ဆက်လက်ရပ်တည်ခဲ့ရာ ဝန်ကြီးချုပ်ဖီကိုက လူမှုဖူလုံရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဆလိုဗားကီးယားနိုင်ငံသည် ဥရောပ ဗဟိုအရှေ့ပိုင်းဒေသတွင် တည်ရှိ၊ အိမ်နီးချင်းနိုင်ငံများနှင့် သမိုင်းဆက်နွယ်ရောနှောလျက်ရှိသော်လည်း ဆလိုဗားကီးယား ဘာသာစကားနှင့် ထူးခြားသည့် ယဉ်ကျေးမှုအစဉ်အလာများကို နိုင်ငံအတွက် ဂုဏ်ယူဖွယ် ထိန်းသိမ်းထားနိုင်။

မြန်မာ့ရေထွက်ပစ္စည်းများ ဈေးကွက်ရှာဖွေသည့် ကုန်စည်ပြပွဲ

* ရှေ့ဖုံးမှ

ဖွင့်လှစ်

၂၀၀၇ခုနှစ် နန်နင်းကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက တာဝန်ယူပြသခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်၁၀ နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ နိုင်ငံ ခေါင်းဆောင်များ၊စီးပွားရေးဆိုင်ရာ ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

၂၀၀၈ခုနှစ်ပဉ္စမအကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံက နှစ်စဉ်နှစ်တိုင်းကကဲ့သို့ပါဝင်ပြသမည်ဖြစ်သည်။ ယမန်နှစ်က ကုန်စည်ပြပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့ ဦးဆောင်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ကျောက်မျက်အသင်း၊ သမဝါယမအသင်း၊ စိုက်ပျိုးရေး အသင်းများက သွားရောက်ပါဝင်ပြသခဲ့သည်။

ပြသရောင်းချ

၂၀၀၇ခုနှစ်က ကျင်းပခဲ့သော စတုတ္ထအကြိမ် နန်နင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံမှ ပေါကြွယ်ဝစွာ ထွက်ရှိသော လယ်ယာစိုက်ပျိုးသီးနှံ ပစ္စည်းများ၊သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ ပရိဘောဂများ၊ လက်ရာမြောက်သည့်အနုပညာပစ္စည်းများ၊ ရုပ်သေးရုပ်များ၊ စားသောက်ကုန်များ၊ ရေထွက်ပစ္စည်းများ ပြသရောင်းချပေးခဲ့သည်။

ရောင်းမလောက်

စတင်ခင်းကျင်းပြသရောင်းချပေးသည့် အောက်တိုဘာ ၂၈ ရက်ကပင် ကျောက်စိမ်း၊ ကျောက်မျက်များ၊ ရေထွက်ကုန်ပစ္စည်းများ လာရောက်တိုးဝှေ့ဝယ်ယူကြရာရောင်းမလောက်အောင်ပင်ရှိခဲ့သည်။ အထူးသဖြင့် မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ဈေးကွက်ရနေသော ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့် စသည့် ရေထွက်ကုန် ပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ခင်းကျင်းပြသထားခဲ့သည်။ ပြခန်းတွင် ဝယ်ယူသူများဖြင့် တိုးမပေါက်အောင်ရောင်းချခဲ့ရသည်။

၂၀၀၇ခုနှစ် နန်နင်းကုန်စည်ပြပွဲတွင် ခင်းကျင်းပြသခဲ့သော မြန်မာ့ရေထွက်ပစ္စည်းနှင့် ထွက်ကုန်များကို ဤသို့တွေ့ရသည်။

စည်ကား

မြန်မာနိုင်ငံရေထွက်ပစ္စည်းပြခန်းတွင် ရေထွက်ပစ္စည်းလုပ်ငန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၌ စီးပွားရေးအရ၊ နည်းပညာအရ ရင်းနှီးမြှုပ်နှံပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရေလုပ်ငန်းလုပ်ကိုင်နေသောကုမ္ပဏီအမည်စာရင်းများ၊ မြန်မာနိုင်ငံ သဘာဝရေပြင်တွင်ရှင်သန်နေသော ရေသတ္တဝါများ၊ အလှမွေးငါးများ၊ ကကတစ် ငါးအရှင်များ၊ရေထွက်ပစ္စည်း အအေး၊ အခဲများ ပြုပြင်ထုတ်လုပ်ပြီး တန်ဖိုးမြှင့်အသားလွှာများစသည်တို့ပြသထားရာ အထူးစိတ်ဝင်စားစွာ ကြည့်ရှုမေးမြန်းကြ

အကျိုးရှိ

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ နှစ်နိုင်ငံပူးပေါင်း၍ သဘာဝအတိုင်းရှိသည့် ရေသယံဇာတများ ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုလျှင် အလားအလာ ကောင်းများ များစွာရရှိနိုင်ကြောင်း၊တရုတ်လူမျိုးတို့ကြိုက်နှစ်သက်သည့် ငါးရှဉ့်၊ ကဏန်းများ သားဖောက်မွေးမြူထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်လျှင် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေချိုလုပ်ငန်း မွေးမြူရေး မိုင် ၂၀၀၀ ကျော် ပင်လယ်ရေပြင်ပိုင်ဆိုင်သော နိုင်ငံဖြစ်၍ ရေသယံဇာတ ပေါများကြွယ်ဝလှသဖြင့် ပူးပေါင်း ဆောင်ရွက် တန်ဖိုးမြှင့်ထုတ်လုပ်သွားနိုင်မည် ဆိုပါက များစွာ အကျိုးရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ကမ်းလှမ်း

မြန်မာငါးပညာရှင်များနှင့်တာဝန်ရှိသူများက ပြောဆို ဆွေးနွေးမှုအပေါ်တွင်စိတ်ဝင်စားသောတရုတ်ကုန်သည်များ၊ ကုမ္ပဏီများက ပြန်လည် မေးမြန်းဆွေးနွေးကြပြီး ကုမ္ပဏီ ၂၀ကျော်က ငါးလုပ်ငန်းဦးစီးဌာန မြန်မာရေလုပ်ငန်း ကုမ္ပဏီများနှင့် ကမ်းလှမ်းဆက်သွယ်မှုများ ရရှိခဲ့သည်။

ပြခန်းဆု

တရုတ်ပြည်သူ့သမ္မတနိုင်ငံကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်နန်နင်းတွင် ကျင်းပသော ကုန်စည်ပြပွဲ၌ ရေထွက်ပစ္စည်းအထူးရေပန်းစားသကဲ့သို့၂၀၀၅ခုနှစ် ကုန်စည်ပြပွဲတွင်မန္တလေးကျုံး၊ပြအိုး၊မြို့ရိုး၊မုခ်ဦးတို့ဖြင့် ပြသခဲ့ရာ အကောင်းဆုံးပြခန်းမုခ်ဦးဆု ရရှိခဲ့ပြီး ၂၀၀၇ ခုနှစ် ပြပွဲတွင်လည်း ရှေးဟောင်းပုဂံပြခန်းဖြင့် အကောင်းဆုံးပြခန်းဆုနှင့် တီထွင်ဆန်းသစ်သော ပြခန်းဆုများ ရရှိခဲ့ပေသည်။ ။

(မြန်မာ့အလင်း)

နန်နင်းကုန်စည်ပြပွဲတွင် မြန်မာ့ရေထွက်ပစ္စည်းများကို တိုးဝှေ့ဝယ်ယူ အားပေးနေကြသည်ကို တွေ့ရစဉ်။

စာတမ်းဖတ်ပွဲ

မြန်မာ့ရေထွက် ပစ္စည်းများကို စိတ်ဝင်စားသော တရုတ်လူမျိုးများနှင့် တွေ့ဆုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပရာ ငါးလုပ်ငန်းပညာရှင်ဦးလှဝင်း (Fish Imformation Service) နှင့် တာဝန်ရှိသူများက **မြန်မာနိုင်ငံသည် ရေမြေ သယံဇာတ ပေါကြွယ်ဝပြီး ရေထွက်ပစ္စည်း သားငါး ပုစွန်များ သဘာဝအတိုင်းရှိကာ ရေလုပ်ငန်း၏ အခန်းကဏ္ဍသည် ကြီးမား ကျယ်ပြန့်လျက်ရှိကြောင်း၊** ကြီးမား ကျယ်ပြန့်လျက်ရှိသော ရေထွက်ပစ္စည်းများ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ယခုကဲ့သို့ ခင်းကျင်းပြသ ဈေးကွက်ရှာဖွေနေခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

မြန်မာနိုင်ငံသည် ရေမြေ သယံဇာတ ပေါကြွယ်ဝပြီး ရေထွက်ပစ္စည်း သားငါးပုစွန်များ သဘာဝအတိုင်းရှိကာ ရေလုပ်ငန်း၏ အခန်းကဏ္ဍသည် ကြီးမား ကျယ်ပြန့်လျက်ရှိ။

စစ်ကိုင်းခရိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၂၆ရက် နံနက်၁၁နာရီတွင် စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပသော စစ်ကိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)သို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထူးချွန်ဆု

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူရှင် ခြောက်ဦးလှူဒါန်းသည့် ငွေကျပ် ၄၃၀၀၀၀ကို လက်ခံပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းခရိုင်အတွင်းမှ ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းခရိုင်အတွင်းမှ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ ထူးချွန်မီးသတ်ဆုရရှိသူနှင့် (၁၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ရွှေတံဆိပ်ဆုရ ဇေယျာသီရိရုပ်စုံအဖွဲ့တို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် စစ်ကိုင်းမြို့နယ် ချောင်းပေါက်ကျေးရွာမူလတန်းကျောင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းပေါက်ကျေးရွာအုပ်စုမှ ပေးအပ်သည့် အသင်းဝင် အဆိုပြုလွှာ ၁၁၈၈ စောင်နှင့် မြေတိုင်းကျေးရွာအုပ်စုမှ အသင်းဝင် အဆိုပြုလွှာ ၉၁၆ စောင်ကိုလက်ခံပြီး ကျောင်းဆောင်ပြုပြင်ရန် ဘိလပ်မြေအိတ် ၅၀၊ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ထန်းတောကျေးရွာမူလတန်းလွန်ကျောင်း အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဝက်လက်မြို့နယ် စင်းတဝဲ(အရှေ့)ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အားပေးပြီး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သော ကျောင်းဆောင်သစ်မှာ အလျားပေ၁၂၀၊ အနံပေ၃၀ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ငွေကျပ်၁၆၇သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ် ဘာသာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြန်ကြားရေးနှင့် သတင်းနည်းပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူး၍ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ အမှတ်စဉ် (၁၀/၂၀၀၇-၂၀၀၉)ကို အောက်တိုဘာ၄ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ ကထိက ဒေါ်ဝါဝါမောင်က နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင် ကဏ္ဍတို့၏ ပူးပေါင်း ဆောင်ရွက်မှုခေါင်းစဉ်ဖြင့် ဟောပြောမည် ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်းမြမြို့ သာယာလှပရေး ဆောင်ရွက်

မြောင်းမြ စက်တင်ဘာ ၂၈

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမြောင်းမြမြို့ မြို့အဝင်လမ်းဘေးဝဲယာတွင် မြေယာရှုခင်းအလှ ဆောင်ရွက်မှု လုပ်ငန်းများကို စက်တင်ဘာ ၂၇ရက်က အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်သက်ထားဝင်းနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ စစ်ဆေးကြပ်မတ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

ယနေ့မြန်မာစံတော်ချိန် နံနက်၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် တာလေမြို့ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် တာချီလိတ်ခရိုင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့တွင်ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၂၆ရက် နံနက် ၉နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများကို ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာလေမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို ဆေးရုံအုပ် ဒေါက်တာဉာဏ်မြင့်ထံ ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာလေမြို့ အောင်ဇေယျခန်းမ၌ တာလေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ အမှာစကား ပြောကြားပြီး တပ်နယ်အတွက် အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

စာရေးကိရိယာများပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသအတွက် အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်သည်။

တွေ့ဆုံ

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာချီလိတ်မြို့ရှိ တာချီလိတ် အမှတ်(၃) သစ်ဆိပ် လွယ်စတုန်း သစ်ထုတ်လုပ်ရေးကွင်းအတွင်း သစ်များစုပုံထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာချီလိတ်မြို့ တပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဥပဒေ၊ နည်းဥပဒေနှင့် စည်းကမ်းဥပဒေများ မော်လမြိုင်မြို့နယ်၌ ရှင်းလင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၈

မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်မော်တော်ယာဉ်အသင်း ကြီးကြပ်မှုကော်မတီများ၊ မော်တော်ယာဉ်အသင်းများ၊ ရေယာဉ်အသင်းများ၊ ပွဲထောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ခံများအား စက်တင်ဘာ ၁၇ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ပို့ဆောင်ရေးစီမံကိန်းရုံး၌ ပြည်နယ်ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှူး ဒေါ်မူယာရှိန် **(အောက်ပုံ)**က တွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေများနှင့်အညီ ဆောင်ရွက်နေသည့် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးတို့၏လုပ်ငန်းများ၊ ပို့ဆောင်ရေးညှိနှိုင်းမှု ကော်မတီ၏ လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်ယာဉ်များကို စနစ်တကျဖြစ်စေရန် ကြီးကြပ်ကွပ်ကဲမှုများ၊ လုပ်ငန်းလိုင်စင်အကြောင်း၊ စည်းကမ်းလိုက်နာမှု မရှိသည့်ယာဉ်များကို ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊ ယာဉ်မတော်တဆမှုများမှ ကြိုတင်ကာကွယ်ရမည့် အစီအမံများနှင့် ခရီးသည်ပို့ဆောင်ခနှုန်းထားများအား သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရေးကိစ္စရပ်များကို ရှင်းလင်းမှာကြားပြီး အဝေးပြေးယာဉ် ရပ်နားဝင်း(ဈေးကြို)သို့သွားရောက်၍ မော်တော်ယာဉ်များကို လိုင်စင်နှင့် စည်းကမ်းလိုက်နာမှု ရှိမရှိ စိစစ်ခြင်းတို့ကို လက်တွေ့သရုပ်ပြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Bed Talk Furniture အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

Bed Talk Furniture အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၁၃၆၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် Bed Talk Furniture အရောင်းပြခန်းကို Bed Talk Furniture မန်နေဂျာ ဒေါ်ဝင်းသင်းသင်းမိုး၊ Gold Coil Spring Mattress Brand မန်နေဂျာ ဒေါ်နုနုဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထည့်သွင်းစီစဉ်ပေးထား

Bed Talk Furniture အရောင်းပြခန်းကို ပုံမှန်ဝင်ငွေရှိသူများ အနေဖြင့် ငွေနှင့်ထိုက်တန်သော အရည်အသွေးကောင်းပစ္စည်းများရရှိသဖြင့် စိတ်ချမ်းသာကျေနပ်မှု ရရှိစေရန် အဓိကရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ဈေးနှုန်းချိုသာ၍ အရည်အသွေးကောင်းမွန်သော Gold Coil အမှတ်တံဆိပ်မွေ့ရာနှင့် အိပ်ရာအခမ်းအနား အသုံးအဆောင်ပစ္စည်းများ၊ အခြားအိမ်သုံး၊ ရုံးသုံးပရိဘောဂပစ္စည်းများကို ရောင်းချသွားမည်ဖြစ်ကာ ဖွင့်ပွဲအမှတ်တရအနေဖြင့် Gold Coil နှင့်Bed Talk Furniture တို့ ပူးပေါင်း၍ စက်တင်ဘာ ၃၀ ရက်အထိ Joint Promotion အနေဖြင့် လာရောက်ဝယ်ယူအားပေးနေသူများအား အထူးDiscount ဖြင့် ရောင်းချသွားမည့်အပြင် ကံစမ်းမဲ အစီအစဉ်များကိုလည်း ထည့်သွင်းစီစဉ်ပေးထားကြောင်း သိရသည်။

Bed Talk Furniture ဆိုင်တွင် ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်း ပရိဘောဂပစ္စည်းများကို စိတ်တိုင်းကျဝယ်ယူနိုင်ရန် စီစဉ်ဖွင့်လှစ်ပြသထားကြောင်းနှင့် မင်္ဂလာမောင်မယ်များ၊ အိမ်သစ်တက်မိသားစုများအနေဖြင့် Bed Talk Furniture အရောင်းပြခန်းတွင် စိတ်ချမ်းမြေ့စွာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၂၀၀၈ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲကို စက်တင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်သန်းလှက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**

တိုက်ကျွေး

ဆက်လက်၍ အိုင်အိုဒင်းဓာတ်စစ်ဆေးမှု လက်တွေ့သရုပ်ပြခြင်း၊ ကိုယ်ဝန်ဆောင်နှင့် မွေးပြီးမိခင်များအား သံဓာတ်အားဆေးနှင့် ဗီတာမင်ဘီဝမ်းဆေးများ ဝေငှခြင်းနှင့် ခြောက်လမှ ငါးနှစ်အောက်ကလေးများအား အင်အားပြည့် ဗီတာမင်အေဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

(မြို့နယ် မိခင်/ကလေး)

ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ

ရန်ကုန် စက်တင်ဘာ ၂၈

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော စာပေဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို စက်တင်ဘာ ၂၆ရက် နံနက် ၁၀နာရီက အထက(၇)တွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက ကျောင်းသားများ ရည်မှန်းချက် ထားရှိရမည်ဖြစ်ကြောင်း အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က သဘာဝစွမ်းအားအရင်းအမြစ်နှင့် လူ့စွမ်းအား အရင်းအမြစ်များအကြောင်း၊ ယနေ့ကျောင်းသားလူငယ်တိုင်း ပန်းတိုင် ရှိနေရမည်ဟု ဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

● ရှေ့ဖုံးမှ

ဥပ္ပါတသန္တိစေတီတော်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra က လှူဒါန်းသော ဗုဒ္ဓဖြစ်တော်စဉ်ဒေသများပုံတော် ၇၀ကို လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)သည် အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး လှူဒါန်းသော ဗုဒ္ဓဖြစ်တော်စဉ်ဒေသများ ပုံတော်များကို ကြည့်ရှုသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးထံ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော ဥပ္ပါတသန္တိစေတီတော်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra က ဗုဒ္ဓဖြစ်တော်စဉ်ဒေသများပုံတော် ၇၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်လှထွန်း မန္တလေးမြို့၌ တာဝန်ရှိသူများအား တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ တိုင်းပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဘဏ်များနှင့် ဦးစီးဌာနများမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ဘဏ်လုပ်ငန်း ဒီပလိုမာ သင်တန်းဖွင့်လှစ်ရန် ပြင်ဆင်နေမှုများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၂၈

၂၀၀၈ခုနှစ် (၂၄)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ ကျင်းပသောပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေဖြင့်လည်းကောင်း၊ (ခ)အုပ်စု ရတခဇုန်(ပုသိမ်)၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု တပခဇုန် (တောင်ငူ)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်ကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

* ကျောဖုံး

အာကာသအတွင်း လမ်းလျှောက်နေပုံကို ရုပ်မြင်သံကြားမှတစ်ဆင့် ကမ္ဘာသို့ တိုက်ရိုက်ရုပ်သံလွှင့်ထုတ်ခဲ့သည်။

စနေနေ့ ပေကျင်းစံတော်ချိန် ညနေ ၄နာရီ၄၃မိနစ်တွင် အမေရိကန်ဒေါ်လာ ၄သန်းတန် တရုတ်ပြည်လုပ် အာကာသဝတ်စုံကို ဝတ်ဆင်ထားသည့် အာကာသယာဉ်မှူးကျိုင်သည် ရှန်ကျို့-၇ အာကာသယာဉ်တွင်းမှ ဦးခေါင်းပြူကာ စတင်ထွက်ခဲ့သည်။

ဇော့ယမ်းနှုတ်ဆက်

မစ္စတာကျိုင်က တရုတ်ပြည်သူများနှင့်ကမ္ဘာ့ပြည်သူများကို နှုတ်ခွန်းဆက်လိုက်သည်။ ထို့နောက် အာကာသခရီးဖော် အာကာသယာဉ်မှူး လျူဘိုမင်း လက်ကမ်းလိုက်သည့် တရုတ်အမျိုးသား အလံငယ်ကို ဇော့ယမ်း နှုတ်ဆက်ပြန်သည်။

အာကာသယာဉ်မှူး ကျိုင်တစ်ယောက် အာကာသတွင်း လမ်းလျှောက်ပြီးသောအခါ ၄င်းစီးနင်းလိုက်ပါသည့် ရှန်ကျို့-၇ အာကာသယာဉ်အတွင်းသို့ ချောမောစွာ ပြန်ဝင်သွားသည်ကို မြင်တွေ့ရသည်။ အာကာသယာဉ်မှူး ကျိုင်၏လုပ်ဆောင်အောင်မြင်မှုက အမေရိကန်နှင့်ရုရှား နှစ်နိုင်ငံအပြီးတွင် တရုတ်နိုင်ငံသည် တတိယမြောက် အာကာသတွင်း အောင်မြင်စွာ လမ်းလျှောက်ပြနိုင်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိသွားစေခဲ့သည်။

လေ့လာရေးဂြိုဟ်တု

ယာဉ်မှူးကျိုင်၏ အာကာသတွင်း လမ်းလျှောက်မှု အစီအစဉ်အပြီး နှစ်နာရီခန့်အကြာတွင် လူလိုက်ပါသည့် ရှန်ကျို့-၇ အာကာသယာဉ်က စောင့်ကြည့်လေ့လာရေး ဂြိုဟ်တုငယ်တစ်စင်းကို ပစ်လွှတ်လိုက်သည်။

ကီလိုဂရမ် ၄၀ခန့် အလေးချိန်ရှိသည့် အဆိုပါ ဂြိုဟ်တုငယ်က ပင်မရှန်ကျို့-၇ အာကာသယာဉ်ကို ဝန်းပတ်ပျံသန်းပြီး ကမ္ဘာမြေပြင်သို့ ဗီဒီယိုပုံများ ပြန်ပို့ပေးမည်ဖြစ်သည်။

ယခုအခါ တရုတ်အာကာသယာဉ် ရှန်ကျို့-၇သည် ကမ္ဘာမြေပြင်သို့ ဦးတည်ကာ အောင်မြင်ချောမောစွာ ပြန်လည်ဆင်းသက်ရောက်ရှိပြီဖြစ်သည်။ **ကိုးကား-ဆင်ဟွာသတင်းများ**

❒ ကျောဖုံးမှ

သီရိလင်္ကာ၌ တောအရက်သောက်သုံးသူ ၁၀ဦး သေဆုံး၊ ၆၀ကျော် ဆေးရုံရောက်

ကိုလံဘို စက်တင်ဘာ ၂၈

သီရိလင်္ကာနိုင်ငံ အနောက်ပိုင်း ဂမ်ပါဟာမြို့တွင် စက်တင်ဘာ ၂၈ရက် ၌ တောအရက်များသောက်သုံးသူ ၁၀ဦး သေဆုံးပြီး ၆၀ကျော် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း၊ အဆိုပါအရက်များမှာ သိုလှောင်မှု စနစ်တကျမရှိမှုနှင့် ထုတ်လုပ်မှု မသန့်ရှင်းခြင်းတို့ကြောင့် ဖြစ်ကြောင်း သီရိလင်္ကာရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်၌ ရထား ဗုံးခွဲတိုက်ခိုက်ခံရ

ကရာချိ စက်တင်ဘာ ၂၈

ပါကစ္စတန်ရထားတစ်စင်းပေါ်၌ စက်တင်ဘာ၂၈ရက်က ဗုံးခွဲတိုက်ခိုက်မှုခံရကြောင်း၊ ဗုံးခွဲတိုက်ခိုက်မှုမှာ ဘာဟာဝါမြို့အနီးတွင် ဖြစ်ပြီး ခရီးသည် သုံးဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပိုစ့်မောက်တို့ အိမ်ကွင်း၌နိုင်ပွဲရ မန်စီးတီးတို့ အဝေးကွင်း၌ ရှုံးပွဲကြုံ

လန်ဒန် စက်တင်ဘာ ၂၈

ပရီမီယာလိဂ် ပွဲစဉ် (၆) လက်ကျန်ပွဲများကို စက်တင်ဘာ ၂၈ရက်၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပိုစ့်မောက်နှင့်စပါးတို့ပွဲတွင် ပိုစ့်မောက်တို့က အိမ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

ပိုစ့်မောက်နှင့် စပါး

စပါးတို့အဝေးကွင်း၌ ခြေစွမ်းပြပြီး ပိုစ့်မောက်ကိုဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများ အဆုံးသတ်မသေချာမှုကြောင့် ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပါဗလူချင်ကိုတစ်ဦးတည်းကို တိုက်စစ်တင်ထားပြီး ဘန့်တလေ၊ ဂျီးနက်စ်၊ ဇိုကိုရာနှင့် အိုဟာရာတို့က ဘယ်ညာတောင်ပံများမှ တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့ရာ စပါးတို့ ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ကစားနိုင်ခဲ့သည်။

ပိုစ့်မောက်တို့က တိုက်စစ်တွင် ပီတာခရော့ချ်နှင့် ဒီဖိုးတို့အတွဲဖြင့် ဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ၁၉မိနစ်၌ ပိုစ့်မောက်ကွင်းလယ်ကစားသမား လက်တီက ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ပီတာခရော့ချ် ခေါင်းတိုက်သွင်းရာ လွဲချော်သွားခဲ့သည်။ သို့သော် ၃၄ မိနစ်၌ ပိုစ့်မောက်တို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ရာ ပိုစ့်မောက်တိုက်စစ်မှူး ဒီဖိုးက တည်ငြိမ်စွာ ကန်သွင်းယူခဲ့သဖြင့် ပိုစ့်မောက်တို့ အဖွင့်ဂိုးရရှိခဲ့သည်။ စပါးတို့က ချေပဂိုး ရရှိရေးကြိုးစားရာ မိနစ်၅၀၌ အီကိုတူ ဂိုးရှေ့သို့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ပါဗလူချင်ကို ခေါင်းတိုက်သွင်းရာ လွဲချော်သွားခဲ့သဖြင့် နစ်နာခဲ့ရသည်။

အနိုင်ရရှိ

ပိုစ့်မောက်တို့က ၆၂မိနစ်၌ လက်တီအစား အူကာတာ ဝင်ရောက်ကစားခဲ့သည်။ စပါးတို့ကလည်း ချေပဂိုးရရှိရေး ဂီလ်ဘာတိုအစား လီနွန်၊ ပါဗလူချင်ကိုအစား ဒါရင်ဘင့်တို့ကို အစားထိုးကစားစေခဲ့သော်လည်း ရလဒ် ထူးခြားမလာခဲ့ချေ။ ပိုစ့်မောက်တို့က ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားရာ ၆၈မိနစ်၌ ပီတာခရော့ချ်က အနီးကပ်ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိပြီး နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပိုစ့်မောက်နှင့် စပါးတို့ပွဲတွင် ပိုစ့်မောက်တိုက်စစ်မှူး ဒီဖိုး ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဤသို့ ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဝီဂန်နှင့် မန်စီးတီး

အဝေးကွင်း၌ မန်စီးတီးတို့ ရှုံးပွဲကြုံတွေ့ခဲ့ရပြန်သည်။ အိမ်ကွင်းခြေမာသော ဝီဂန်တို့က မန်စီးတီးကို ခြေရည်တူကစားပြီး ခံစစ်ကို လုံအောင်ကစားခဲ့သည်။ ပွဲချိန် ၁၆မိနစ်၌ ဝီဂန်ကွင်းလယ်ကစားသမား ဗလန်စီယာက အဝေးမှ အပိုင်ကန်သွင်းယူခဲ့သဖြင့် အိမ်ရှင်ဝီဂန်တို့ အဖွင့်ဂိုး စတင်ရရှိခဲ့သည်။ သို့သော် ပွဲချိန်၂၂မိနစ်၌ မန်စီးတီးတို့ အလွတ်တည်ကန်ဘောရရှိရာ နောက်ခံလူ ကွန်ပါနီ ကန်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့သည်။ သို့သော် ၃၄မိနစ်၌ ဝီဂန်တို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပယ်နယ်တီကို အမာဇာကီက ကန်သွင်းယူခဲ့သဖြင့် ဝီဂန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပရီမီယာလိဂ် ပွဲစဉ်(၆)အပြီး ထိပ်သီးအသင်းများ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၆	၄	၂	၀	၁၄
၂	လီဗာပူး	၆	၄	၂	၀	၁၄
၃	ဗီလာ	၆	၄	၁	၁	၁၃
၄	အာဆင်နယ်	၆	၄	၀	၂	၁၂
၅	ဝက်စ်ဟမ်း	၆	၄	၀	၂	၁၂
၆	ဟူးလ်စီးတီး	၆	၃	၂	၁	၁၁
၇	ဘလက်ဘန်း	၆	၃	၁	၂	၁၀
၈	မန်စီးတီး	၆	၃	၀	၃	၉
၉	ပိုစ့်မောက်	၆	၃	၀	၃	၉
၁၀	ဝီဂန်	၆	၂	၂	၂	၈
၁၁	မန်ယူ	၅	၂	၂	၁	၈

စီးရီးအေရလဒ်

(၂၈-၉-၂၀၀၈)

ဘိုလော့နာ ၀-၁ နာပိုလီ
ကာတာနီရာ ၁-၀ ချီယေးဗို
လက်ချီ ၂-၀ ကယ်ဂရီယာလီ
ရိုးမား ၂-၀ အတ္တလန္တာ
တိုရီနို ၁-၃ လာဇီယို
အူဒီးနီစ် ၂-၁ ဆီနာ

လာလီဂါအနိုင်အရှုံး

(၂၈-၉-၂၀၀၈)

အယ်မီရီးရား ၁-၀ ဟွေလ်ဘား
ဘီလ်ဘာအို ၀-၁ ဂီတာဖေး
မာလာဂါ ၂-၁ ဗီလာဒိုနစ်
နူမန်စီယာ ၀-၀ အိုဆာဆူနာ
ဆန်တန်ဒါ ၁-၂ မာယော့ကာ

ဖောင်ပိတ်အားကစားသတင်း - မောင်ချစ်ကြည်

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမစမီ အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အလှူငွေလက်ခံပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့စဉ်။ (မြန်မာ့အလင်း)

လက်ရှိ မြန်မာ့ရိုးရာလက်ဝှေ့ ချန်ပီယံအဖြစ် ရပ်တည်နေဆဲ ညောင်တုန်းသားလေး လုံးချောအား ပြိုင်ပွဲအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

● *ကျော်ဖုံးမှ*

ဩစတြေးလျနိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့ဂုဏ်ဆောင်ခဲ့သောလိုက်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ တွေ့မရှောင် (K.L.N)၊ နည်းပြ/အုပ်ချုပ်အဖြစ်လိုက်ပါသွားသော မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး၊ ပြည်ပ ဆက်ဆံရေးတာဝန်ခံ ဦးဝင်းဇင်ဦးတို့အား ဂုဏ်ပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က တွေ့မရှောင်အား ဂုဏ်ပြုဆုငွေကျပ်ငါးသိန်း၊ ဦးဝင်းဇင်ဦးအား ရေခဲသေတ္တာတစ်လုံးနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်သည်။ MDG Co., Ltd. မှ National Sales Managar ဦးသန်းအောင်က တွေ့မရှောင်အား ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်း၊ ဦးဝင်းဇင်ဦးအား ငွေကျပ်နှစ်သိန်းချီးမြှင့်သည်။ ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဦးခင်မောင်ထွန်းက တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းခွဲစီ ချီးမြှင့်ပြီး K.L.N ရိုးရာလက်ဝှေ့အဖွဲ့နာယက၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ခိုင်က တွေ့မရှောင်အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့ကြပေသည်။

အနိုင်ယူ

ဆုပေးပွဲအပြီး၌ ရိုးရာလက်ဝှေ့ပွဲများကို ဆက်လက် ကျင်းပရာ လေးချီအထူးပွဲကို ပွဲစဉ်(၁)သံသပိတ်(ပုဇွန်တောင်)က သူရ(ဒေါင်းမြန်မာ)အား ဒုတိယအချီ ၁မိနစ်၂၉စက္ကန့်၌ ဒူးတိုက်ချက်ဖြင့် အလဲထိုးလိုက်သည်။ သံသပိတ်သည် တစ်ချိန်က နာမည်ကျော် ရိုးရာလက်ဝှေ့သမား ပုဇွန်တောင် တင့်ဆန်း၏ ရင်သွေးဖြစ်သည်။ ထို့နောက် သီဟရာဇာ(ရက္ခဗျာလ)နှင့် သား စန်းနိုင်(ပဲခူး)တို့ သရေပွဲဖြစ်ခဲ့ကြပြီး စွန်ရဲ(ရက္ခဗျာလ)က စောဖားထူး (ပဲခူး)အား ဒုတိယအချီ ၅၄စက္ကန့်တွင် အမှတ်စဉ်လေးကြိမ် အရေခံထိစေခဲ့ပြီး အနိုင်ယူသွားသည်။

ဘယ်ဖြောင့်လက်သီး

ပွဲစဉ်(၄)တွင် ငါးချီ စိန်ခေါ်ပွဲစတင်ခဲ့ပြီး လင်းယုန်(ရက္ခဗျာလ)က ဖိုးလုံး(မြန်မာပြည်သား)ကိုပထမအချီ အစမှာပင် ညာပင့်ဖြင့် အမှတ်စဉ်အရေခံထိစေပြီး ၅၉စက္ကန့်တွင် ဘယ်ဖြောင့်လက်သီးဖြင့် အနားတောင်းစေကာ ဒုတိယအချီ၅၉စက္ကန့်အတွင်း ပြင်းထန်သော ဘယ်ဖြောင့်ဖြင့် အလဲထိုးလိုက်သည်။

အိုင်တီ

ပွဲစဉ်(၅)၌ ဝါရင့် သမ္ဘာရင့် မိုးသီး(မြန်မာပြည်သား)က အင်္ဂလိပ်အက္ခရာအိုင်၊ လူသစ်တန်းမှ တက်လာသူ နေမင်း(ရက္ခဗျာလ)က တီဟုဆိုရမည့် အိုင်တီတွဲဆိုင်း ထိုးသတ်ကြရာ မိုးသီးက ဆရာကြီး ရွှေဥဒေါင်းလေနှင့် ပြောရလျှင် ''ကော်သတ်'' လက်သီးဟုဆိုရမည့် တိုင်ပင်ကိုက်အလုန်ထိုး လက်သီးများကို အသုံးပြုရာ တတိယအချီတွင် နေမင်း အနားတောင်းရသည့်အထိ ဖြစ်ခဲ့ပြီးမှ သရေကျသွားသည်။

ပွဲစဉ်(၆)တွင် စောသဲမင်း (K.L.N)နှင့် ဒေဝဗလ(ရက္ခဗျာလ)တို့ ယှဉ်ပြိုင်ကြရာ စောသဲမင်း၏ တိုင်ပင်ခေါ် ထိုးသော လက်သီးများကြောင့် ဒေဝဗလ အခြေမလှဖြစ်နေချိန်မှာ စောသဲမင်းက ပင့်ဒူးဖြင့် အနားတောင်းစေခဲ့ပြီး ပတ်ခြေဖြင့် ပွဲသိမ်းလိုက်ချိန်၌ ပထမအချီ တစ်မိနစ် ၅၂စက္ကန့်သာရှိသေးသည်။

စောအာကာနှင့် စိန်သံမဏိ

ပွဲစဉ်(၇)တွင် စောအာကာ (K.L.N)နှင့် စိန်သံမဏိ (အလင်းရောင်)တို့တွေ့ကြသည်။ စိန်သံမဏိက စောအာကာထက် ဝါရင့်သော်လည်း ၂၀၀၆ခုနှစ် ရွှေခါးပတ်ပွဲစဉ်တွင် လက်ဆုံပြုတ်ကာ အနားယူပြီးမှ ရိုးရာလက်ဝှေ့ကြိုးဝိုင်းထဲသို့ ပြန်ဝင်စဖြစ်၍ ငယ်ဂုဏ်နှင့် သက်လုံရှိပြီး လက်သီးလည်းပြင်းသူ စောအာကာကို ထင်တိုင်းမပေါက်ဘဲ သရေပွဲဖြစ်သွားသည်။

ဒေါနအောင်နှင့် ကျန်စစ်အောင်

ပွဲစဉ်(၈)၌ ဒေါနအောင် (ရွှေလက်ရာ)နှင့် ကျန်စစ်အောင်(မြို့တော်စည်ပင်) တို့က ပညာချင်းယှဉ်၊ အသည်းချင်းထပ်၍ သူပြတ်ကိုယ်ပြတ် ထိုးကြသော်လည်း သရေပွဲဖြစ်သွားသည်။ ပူးဝင်ကာ ခုတ်ခြေ၊ ချုပ်ဒူး၊ ဖြတ်တံတောင်များဖြင့် ပွဲသိမ်းရန် ကြိုးစားသူ ဒေါနအောင်တစ်ယောက် ကျန်စစ်အောင်၏ ဘယ်ထောက်ညာဖြောင့်တံတိုင်းကို မကျော်နိုင်ဘဲ သရေပွဲဖြင့် ကျေနပ်လိုက်ရသည်။

သရေပွဲ

ပွဲစဉ်(၉)တွင် ပါးရည်နပ်ရည်ရှိကြသော လက်ဝှေ့သမားချင်းဖြစ်ကြသည့် ရှမ်းသွေးလေး (ဒေါင်းမြန်မာ) နှင့် ဟိန်းညီညီ (မြို့တော်စည်ပင်)တို့ ဆုံကြသည်။ဟိန်းညီညီက ဝင်းထွန်း၏ စတိုင်မျိုးဖြင့် လက်နှစ်ဖက်ချထားရာမှ လျှပ်တစ်ပြက် အဖြောင့်ထိုးပြီး ဘယ်ဝိုက်ညာပင့်တွဲလုံးများ သုံးသည်။ ရှမ်းသွေးလေးက ဟိန်းညီညီ၏ လက်သီးများကိုမမှုဘဲ ဝင်ပူး၍ ချုပ်ဒူး အပိုင်ဆင့် ဆင့်တိုက်သဖြင့် တတိယအချီ၌ ဟိန်းညီညီ အနားတောင်းရသည်။ နောက်ပိုင်းတွင် ဟိန်းညီညီ သက်လုံကျလာပြီး လှည့်ဆုတ်၊ ပေခံ၊ လဲကျဖြင့် သရေပွဲ အရယူသွားသည်။

နောက်ဆုံးပွဲစဉ်

နောက်ဆုံးပွဲစဉ်နှင့် အဓိက စိန်ခေါ်ပွဲကြီးအဖြစ် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် စောငမန်း(ဘားအံ)တို့ ယှဉ်ပြိုင်ကြရာ ၄င်းတို့နှစ်ဦး တွေ့ဆုံဖူးသမျှပွဲများတွင် အကောင်းဆုံးပွဲကြီးအဖြစ် မှတ်တမ်းတင်ရလောက်ပေသည်။ ပထမအချီ စလျှင်စချင်း စောငမန်းက အရှိန်အဟုန်ဖြင့်ပြေးဝင်ကာ ညာပင့်ဘယ်ဝိုက် ညာဖြောင့်တွဲလုံးများ သုံးပြီး ဒူးနှင့် ပတ်ခြေများပါ နောက်ဆက်တွဲလိုက်သည့်အတွက် လုံးချော အငိုက်မိသကဲ့သို့ဖြစ်ကာ အလဲထိုးမခံရရေးသာ ဂရုစိုက်နေရသဖြင့် ထိုးကွက် တည်မရတော့ဘဲ ပထမအချီစေ့သွားသည်။

လေထဲသို့နောက်ပြန်လှန်

ဒုတိယအချီတွင် စောငမန်းက တွဲလုံးထိုးရင်း အရှိန်ဖြင့် ဝင်ပြန်ရာ လုံးချော ထောက်လက်သီးသုံးချိန်မရဘဲ လူချင်းပူးမိပြန်သည်။ စောငမန်းက ယခင်သူ၏ပုံသေသတ်ကွက်ဖြစ်သော ဝမ်းတူးဝင်ဖက်၊ ကပ်ထားပုံစံမျိုး မဟုတ်တော့ဘဲ ပင့်လက်သီး အတိုများ ကပ်ထိုး၍ ခေါင်းချင်းဆက်သည်။ လူချင်းပြန်အခွာ၌လည်း ဘယ်ဝိုက်ဆွဲ၍ ညာဖြောင့်ဖြင့် ကပ်လိုက်ပြန်သည်။ ဟာသွားသော လုံးချောဝမ်းဗိုက်သို့ ပတ်ခြေ ကန်ထည့်၍ ဘယ်ဖြောင့် ညာပင့်လက်သီးများဖြင့် မနားတမ်းဝင်သည်။ လုံးချောက နင်းခြေဖြင့်အလိုက် အောက်ဖြတ်ကန်သဖြင့် လုံးချော ရှေ့သို့ လက်ထောက်လဲကျပြန်သည်။ လူချင်း အပူး၌ လုံးချောခါးကို ချုပ်ညှစ်၍ လေထဲ၌ နောက်လှန်ပစ်ကာ ကြမ်းပြင်ပေါ်သို့ ဖွပ်ချသည်။ မြန်မာ့ရိုးရာလက်ဝှေ့လောကတွင် လက်ရှိအနေအထားအရ စောငမန်းတစ်ယောက်သာ ပိုင်ပိုင်နိုင်နိုင် သုံးတတ်သည့် သတ်ကွက်ဖြစ်ပြီး အခန့်မသင့်ပါက ဇက်ကျိုးနိုင်သော်လည်း လုံးချောက စောငမန်းနှင့် တွေ့တိုင်း ခံရဖန် များနေသဖြင့် အလိုက်သင့် ကျတတ်နေပြီဖြစ်သည်။ ဒုတိယအချီကလည်း စောငမန်း၏ ဦးဆောင်သတ်ကွက်ထဲ၌ လုံးချောက မျောပါလှုပ်ရှားနေရသကဲ့သို့ ရှိသည်။

ဆုငွေအပြိုင်ချ

တတိယအချီတွင် လုံးချောက သူ၏ပြင်းထန်သော ပတ်ခြေများဖြင့် စောငမန်း၏တိုက်စစ်ကို ဟန့်တားနိုင်ပြီး တိုက်စစ် ပြန်တည်လာနိုင်သည်။ သောကြောင့် လုံးချော အားလွန်ကာ ကြိုးတန်းပေါ် တင်သွားသည်။အားနှင့်အင်နှင့် အကြိတ်အနယ် ရင်ဆိုင်ကြသည့်အတွက် ပရိသတ်များ လက်ခုပ်မတီးဘဲ မနေနိုင်ဖြစ်ရသည်။ လုံးချောက အားနှင့်ကန်လျှင် စောငမန်းက ဆုတ်ပြီး ပြန်ကန်သည်။ လုံးချော၏ ပရိသတ်များ အားရသော အချီဖြစ်သည်။

အကောင်းဆုံးပွဲ

ပဉ္စမအချီတွင် လုံးချော၏ ဘယ်ဘက်ကို စောငမန်း ညာဖြင့် ခုန်ထိုးရင်း တုံ့ပြန်သည်။ လုံးချော၏ တွဲလုံး

ငါးချီစိန်ခေါ်ပွဲတွင် ရှမ်းသွေးလေး (ဒေါင်းမြန်မာကလပ်)၏ ဘယ်ဒူးတိုက်ချက်နှင့် ချုပ်ချက်ကို ဟိန်းညီညီ(မြို့တော်စည်ပင်)က ညာလက်ဖြင့် ခေါင်းအားချုပ်၍ ညာဒူးဖြင့် ဤသို့ဟန့်တားခဲ့သည်။ (မြန်မာ့အလင်း)

စောငမန်းအဝင်၌ တိုင်ပင်ကိုက် ဘယ်ထောက်လက်သီးဖြင့် ထိန်းပြီး ညာဖြောင့်လွှတ်ရာ စောငမန်းကို တည့်တည့်ထိသွားသည်မျိုး ရှိလာသည်။ လုံးချောပုံမှန်လက်ရည် ပြန်ရလာသည့်အတွက် စောငမန်း အဝင်မရဲတော့ဘဲ အပိုင်ပူးပြီး ကြိုးတန်းဘက်သို့ တွန်းကာ ဘယ်ဒူးတိုက်သည်။ ဝိုင်းလယ်တွင် ပူးမိ ချုပ်မိကြလျှင် တည့်ဒူးချင်း ဖလှယ်ကြသည်။ ဤအချိန်၌လည်း လုံးချော ကိုင်ဖွပ်ခြင်း ခံရပြန်သည်။ လုံးထွေးကျပြီး ပြန်အထ စောငမန်းက အပေါ်မှ ခွ၍ မာန်ပါပါကြည့်ကာ စိန်ခေါ်သည်။ လုံးချောနှင့် စောငမန်းတို့၏နှစ်ဖက်ပရိသတ်များက လက်ခုပ်သံများသာမက သူ့ဘက်ကိုယ့်ဘက် ဆုငွေအပြိုင်ချကြသည်။

လက်ခုပ်သံများ

စတုတ္ထအချီတွင် လုံးချောက ညာပတ်ခြေအလွန်တွင် ဘယ်ပတ်ခြေ ဆက်ကန်သော Round Kick ဖြင့် ကန်လိုက်ရာ စောငမန်း ဝပ်ရှောင်ရသည်။ ဆိုင်ကန်ပြိုင်ကန်ရင်း စောငမန်း၏ အောက်ထောက်ရှင်းကြောင့် လုံးချော ထိုင်ကျသည်။ လုံးချောက Speed နှင့် Power ကို ပေါင်း၍ ခုန်နင်းခုန်ကန်သည့်အတွက် စောငမန်း လှည့်ထွက်ပတ်ရှောင်ပေးရများ စောငမန်းကို တိတိပပထိရှမှု ရှိလာသည်။ စောငမန်းက အောက်ခြေပိုင်းကန်ရင်း ဘယ်ပင့်လက်သီးဖြင့် ဝင်သည်။ လုံးချောက ဆုတ်၍ ညာဖြောင့်ဖြင့် ထိုးရာ တည့်ထိသော်လည်း ဆုတ်ထိုး ထိုးသည့်အတွက် ရုပ်ပျက်ဆင်းပျက်မဖြစ်ခဲ့ပေ။ လုံးချော၏ ဆရာက စင်ထောင့်မှနေ၍ ရိုက်၊ အပ်ပါးရိုက်၊ အပ်ပါးဟု အော်ဟစ်သတိပေးရာ လုံးချောက ဖြောင့်ပင့်အတွဲဖြင့် ဝင်သည်။ စောငမန်းက ဆုတ်ရှောင်ရင်း လှည့်ထွက်ကာ အောက်ခြေပိုင်း ကန်ချက်ထုတ်သည်။ လုံးချောက အားယူခုန်ဝင်ပြီး ပတ်ခြေ သိမ်းကန်သည့်အတွက် စောငမန်း မဆုတ်သာဘဲ ဝပ်ချလိုက်ရသည်မျိုး ရှိလာသည်။ ဤသို့ဖြင့် တစ်ဦးကိုတစ်ဦး ပွဲမဖြတ်နိုင်ဘဲ

နောက်ဆုံးပွဲစဉ်အဖြစ် စောငမန်း(ဘားအံ)နှင့် ချန်ပီယံလုံးချောတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ စိန်ခေါ်သူ စောငမန်း(ဘားအံ)က လုံးချော(ညောင်တုန်း)အား လှဲချလိုက်သည်မှာ....။ (မြန်မာ့အလင်း)

သရေပွဲဖြစ်သွားသည်။ ယခုပွဲသည် စောငမန်း၏ အကောင်းဆုံးပွဲ တစ်ပွဲဖြစ်ခဲ့ပြီး ယခင်က ၄င်း၏ ထိုးလုံးသတ်ကွက်ကို စိတ်ပျက်ခဲ့သော ပရိသတ်များ အထူးကျေနပ်ကြသော ပွဲဖြစ်သွားသည်။

တွေ့ဆုံမေးမြန်း

ပွဲအပြီးတွင် စောငမန်းနှင့် တွေ့ဆုံမေးမြန်းရာ **''ကျွန်တော် ရိုးရာလက်ဝှေ့ကို ချစ်လို့ ကရင်ပြည်နယ်မှာ တခြားအလုပ်တွေ ရှိနေပေမယ့် ဒါကိုပဲ ဖက်တွယ်နေခဲ့တယ်။ ဒါပေမယ့် ပရိသတ်အကြိုက် လုပ်မပြနိုင်ခဲ့တော့ ကျွန်တော့်ကို တချို့လည်း အမြင်စောင်းကြတယ်။ ဒါကြောင့် ကျွန်တော် ဒီပွဲကို အားခဲထားတာပါ။ ပရိသတ်ကို ကျွန်တော် ဘယ်လောက်ပေးဆပ်ချင်သလဲဆိုရင် အခုပွဲမတိုင်ခင် တစ်ပတ်အလိုမှာ ဘားအံက ကျွန်တော့် ဖခင်ကြီး ကွယ်လွန်သွားတာကို ကျွန်တော် ဈေ့သည်လိုပဲ သွားခဲ့ပြီး ချက်ချင်း ပြန်လာ လေ့ကျင့်ခဲ့တာ၊ ပွဲစီစဉ်တဲ့ ကိုစိုးသန်းဝင်းကိုတောင် စိတ်ပူမှာစိုးလို့ ကျွန်တော် ဒီအကြောင်း မပြောခဲ့ပါဘူး။ အခုလို ပရိသတ်လက်ခုပ်သံရတော့ အဖေသေတာ မဖြေသာပေမယ့် ကျွန်တော် ကြိုးစားရကျိုးနပ်ပါတယ်''**ဟု ပြောသွားသည်။

လုံးချောကလည်း **''ကျွန်တော့် ပရိသတ်အတွက် အနိုင်ယူပေးဖို့ ကျွန်တော် ကြိုးစားပါတယ်။ ဖြစ်မလာတာကိုတော့ တောင်းပန်ရမှာပါပဲ။ ဒီပွဲမှာ စောငမန်း သိပ်ကောင်းပါတယ်။ ကျွန်တော်နဲ့ သူထိုးခဲ့သမျှ ဒီပွဲဟာ ကျွန်တော့်အတွက် အခက်ဆုံးပါပဲ။ ဒါပေမယ့် ကျွန်တော် ကျေနပ်ပါတယ်။ အဲဒီလိုပြိုင်ဘက်ကောင်းကို ကြိုဆိုပါတယ်''**ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဒုတိယနေ့အဖြစ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပရာ လက်ဝှေ့ဝါသနာအိုးများ ဤသို့ တစ်ခဲနက်အားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)



ဒို့ဘိုးဒို့ဘွား ဒို့သွေးသား၊ စာနာဆပွားအလေးထား

ကြည်ထွန်း (လူမှုဝန်ထမ်း)

လူသားတစ်ဦးချင်းစီ၏ အန္တိမရည်မှန်းချက်မှာ အသက်ရှည်ကျန်းမာစွာ နေထိုင်ရေးပင် ဖြစ်သည်။ ရှေးအခါက ဇာတာဖွဲ့ရာတွင် **“အသက်တစ်ရာ့နှစ်ဆယ် ရှည်စေသောဝ်”**ဟု ရေးသားလေ့ရှိသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများတွင် ကျန်းမာရေးစောင့်ရှောက်မှု မြင့်မားလာသည်နှင့်အမျှ လူ့သက်တမ်းမှာလည်း မြင့်တက်လာသည်။ “ကမ္ဘာ့လူဦးရေသည် လက်ရှိ ၆ဒသမ ၇ဘီလီယံရှိရာမှ ၂၀၂၀ပြည့်နှစ်တွင် ၉ဒသမ ၂ဘီလီယံအထိ တိုးလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အသက် ၆၀ အထက်ရှိ သက်ကြီးရွယ်အိုဦးရေမှာလည်း ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံခန့် ရှိလာမည်ဟု ခန့်မှန်းကြောင်း” ၂၀၀၇ခုနှစ်၊ မတ်လ၁၇ရက်က ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အာဆီယံနိုင်ငံများအတွင်း အသက်၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အို တိုးတက်မှုရာခိုင်နှုန်းမှာ ၂၀၀၃ခုနှစ်တွင် ၃ဒသမ၉၃ရာခိုင်နှုန်း ရှိရာမှ ၂၀၀၅ ခုနှစ်တွင် ၆ဒသမ ၄၄ရာခိုင်နှုန်းအထိ တိုးလာသည်။ ထို့အတူ အသက်ရာကျော်ရှည်သော ဘိုးဘွားဦးရေမှာလည်း တိုးပွားလျက်ရှိသည်။ ၂၀၀၇ခုနှစ်၊ မြန်မာနိုင်ငံ ဂုဏ်ပြုခံသက်ကြီးရွယ်အိုစာရင်းအရ မန္တလေးတိုင်း အမရပူရမြို့နယ် ပေါက်ချိုင်ကုန်းရွာမှ အဘွားဒေါ်မြကြီး (၁၁၅)နှစ်သည် အသက်အကြီးဆုံး အဘွားဖြစ်ပြီး ဧရာဝတီတိုင်း အိမ်မဲမြို့နယ် မာလာကုန်းရွာမှ အဘိုးဦးဘသော် (၁၁၁)နှစ်သည် အသက်အကြီးဆုံး အဘိုးဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ရှေးမြန်မာများ မျှော်မှန်းသော လူ့သက်တမ်းတစ်ရာ့နှစ်ဆယ်သို့ ရောက်ရှိရန်ကား အလှမ်းမဝေးတော့ပြီ။

သက်ကြီးရွယ်အိုဦးရေသည် တစ်ကမ္ဘာလုံးတွင် နေ့စဉ်တိုးပွားနေသည်ဖြစ်၍ ဂျပန်နိုင်ငံနှင့် အလားတူ ဖွံ့ဖြိုးပြီး နိုင်ငံအချို့၌ သက်ကြီးရွယ်အို စောင့်ရှောက်မှု ပြဿနာများ ရင်ဆိုင်နေရပြီဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့”** အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးကာ သက်ကြီးရွယ်အို စောင့်ရှောက်မှုဆိုင်ရာ အခြေခံမူငါးရပ်ကို ချမှတ်ပေးထားသည်။ အရှေ့အာရှနိုင်ငံများတွင် ကျင့်သုံးဆောင်ရွက်နေသော သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုင်ရာ နည်းစနစ်များမှာ (၁) အိမ်အရောက်စောင့်ရှောက်ခြင်း (Home Care Service) တစ်နည်းအားဖြင့် (Volunteer Base Service)၊ (၂) မိသားစုအခြေပြုစောင့်ရှောက်ခြင်း (Home Base Care Service)၊ (၃) ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း (Community Base Service)၊ (၄) ဂေဟာများ တည်ထောင်ဖွင့်လှစ်၍ စောင့်ရှောက်ခြင်း (Group Home Care Service)၊ (၅) နေ့စောင့်ရှောက်ရေး ဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း (Day Care Centre)၊ (၆) စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်ခြင်း (Volunteer Elderly Home) တစ်နည်းအားဖြင့် (Home for the Aged)တို့ ဖြစ်သည်။

မြန်မာနိုင်ငံတွင် အထက်ပါနည်းလမ်း ခြောက်မျိုးအနက် **“စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ”** ထူထောင်သည့်နည်းစနစ်ကို ကျင့်သုံးခဲ့သည်မှာ နှစ်ပေါင်း ကိုးဆယ်ကျော်ခဲ့ပြီ ဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ ဘိုးဘွားရိပ်သာ ၅၉ခုတွင် ဘိုးဘွားဦးရေ ၂၀၀၀ကျော်ကို စောင့်ရှောက်မှု ပေးလျက်ရှိသည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အိုတိုးပွားမှု ပြဿနာမရှိသေးသော်လည်း မဝေးသောကာလတွင် အခြားနိုင်ငံများနည်းတူ ကြုံတွေ့ရမည်မှာမလွဲပေ။ နိုင်ငံတော်၏ အနာဂတ်အရေးကို မျှော်တွေး၍ သက်ကြီးရွယ်အို စောင့်ရှောက်မှုဆိုင်ရာ နည်းစနစ်သစ်များကို အစပျိုးဆောင်ရွက်ရန် လိုအပ်လာပေသည်။

ယခုအချိန်တွင် အာဆီယံဒေသတစ်ဝန်းလုံး၌ **“ကိုရီးယား-အာဆီယံ သက်ကြီးရွယ်အို အိမ်တိုင်ရာရောက် စောင့်ရှောက်ရေး ရှေ့ပြေးအစီအစဉ်(၂)”** (Rok-ASEAN Home Care for Older People) ကို ဆောင်ရွက်လျက် ရှိကြသည်။ ၂၀၀၃ခုနှစ်က စတင်ဖော်ဆောင်သော ဤစီမံကိန်း အဆင့်(၁)သည် အရှေ့တောင်အာရှ နိုင်ငံများ၏ ယဉ်ကျေးမှုရိုးရာဓလေ့နှင့် ကိုက်ညီသည်။ ငွေကြေးကုန်ကျမှု အနည်းငယ်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်သော အဖိုးနည်းဝန်ပါ လုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်။ သို့ဖြစ်၍ စီမံကိန်းအဆင့် (၂) ၂၀၀၆-၂၀၀၉ကို တစ်ဆင့်တက်လှမ်း ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ အဆိုပါစီမံကိန်း၏ အဓိကအနှစ်သာရမှာ **“ဆင်းရဲနွမ်းပါး၍ အားငယ်အထီးကျန်ဆန်သော သက်ကြီးရွယ်အိုများ၏နေအိမ်ကို အရောက်သွားကာ ၎င်းတို့၏ ကျန်းမာရေး၊လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်သင်ကြားပေးထားသော စေတနာ့ဝန်ထမ်းများက သွားရောက်ပြုစုစောင့်ရှောက်ပေးခြင်း”**ပင် ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများဘဝ စိုပြည်လှပရေး အတွက် မည်သည့်နည်းစနစ်များကိုကျင့်သုံး သည်ဖြစ်စေ လူမှုဝန်ထမ်း စိတ်ဓာတ်အရင်း ခံဖြင့်သာ ဆောင်ရွက်ကြရပေမည်။

အာဆီယံနိုင်ငံ ၁၀ နိုင်ငံကို အုပ်စုနှစ်စုခွဲ၍ ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းအုပ်စု (၂)တွင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ကြသည်။ မြန်မာနိုင်ငံ၌ အဆိုပါ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ရှေ့ပြေးစီမံကိန်းအဆင့် (၂)ကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် နေပြည်တော်တို့ရှိ စီမံကိန်းဝင်မြို့နယ် ၂၅မြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည်။

NGO, INGOအဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ World Vision, YMCA, YMBA တို့က အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြသည်။ ယခုအခါ အောင်မြင်မှုအရှိန်အဟုန်ကောင်းများ ရရှိနေပြီဖြစ်သည်။

အထက်ပါ NGO အဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ရာ၌ အဖွဲ့အလိုက်ရရှိခဲ့သည့် အတွေ့အကြုံ အပြန်အလှန်ဖလှယ်ပွဲများကို ၂၀၀၇ခုနှစ်၊ ဇူလိုင်လမှ အောက်တိုဘာလအတွင်း မန္တလေးတိုင်း-အမရပူရ၊ ရန်ကုန်တိုင်း-ဒေါပုံ၊ ဧရာဝတီတိုင်း-ပုသိမ်၊ မွန်ပြည်နယ်-မော်လမြိုင်/သံဖြူဇရပ်နှင့် နေပြည်တော်တို့တွင် ကျင်းပခဲ့သည်။ ထို့အပြင် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ပါဝင်သော အုပ်စု (၂)၏ သက်ကြီးရွယ်အို အိမ်အရောက်စောင့်ရှောက်ရေးဆိုင်ရာ အပြန်အလှန်လေ့လာရေးခရီးစဉ် (Exchange Visit) ကို ၂၀၀၈ခုနှစ်၊ ဇွန်လ ၂၃ရက်နေ့မှ ၂၅ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။

မြန်မာနိုင်ငံ သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ YMCA, YMBA, World Vision စသော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါလေ့လာရေးခရီးစဉ်၌ အာဆီယံ ငါးနိုင်ငံအတွင်း ရပ်ရွာအခြေပြု သက်ကြီးရွယ်အို စောင့်ရှောက်ရေးအစီအစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ဆောင်ရွက်ဖွယ်ရာ နည်းလမ်းကောင်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့သည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ် ကောင်းလှပေသည်။

သက်ကြီးရွယ်အိုအများစုသည် မည်မျှပင်ဆင်းရဲချို့ငဲ့သည်ဖြစ်စေကာမူ သူတို့၏မိသားစုကို တွယ်တာကြသည်။ သူတို့၏အိမ်ကိုခင်တွယ်ကြသည်။ သူတို့ရပ်ရွာကို ခုံမင်ကြပြီး သူတို့၏ ပတ်ဝန်းကျင်ကိုသာ နှစ်ခြိုက်မြတ်နိုးကြသူများ ဖြစ်သည်။ သို့ဖြစ်၍ သက်ကြီးရွယ်အိုများထံ အိမ်တိုင်ရာရောက် သွားရောက်၍ စောင့်ရှောက်မှုပေးခြင်းသည် ဘိုးဘွားရိပ်သာများသို့ မသွားရောက်လိုသော သက်ကြီးရွယ်အိုများ၏ သာယာချမ်းမြေ့မှုအတွက် အိုးမကွာ အိမ်မကွာ ပြုစုစောင့်ရှောက်နိုင်သော လုပ်ငန်းတစ်ရပ် ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ၃၈ဖြာမင်္ဂလာ တရားတော်နှင့်လည်းညီသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝ ဆိုသကဲ့သို့ ကောင်းမြတ်သော မနသိကာရဖြင့် ကောင်းမြတ်သောအမှုကို ပြုခြင်း ဖြစ်သောကြောင့် ကြားရ၊ မြင်ရ၊ ဆောင်ရွက်ရသူတို့အဖို့ အဖိုးမဖြတ်နိုင်သော စိတ်နှလုံး ချမ်းမြေ့မှုကိုလည်း ဖြစ်စေသည်။ ဤစီမံကိန်း အောင်မြင်ရေးအတွက် တစ်ယောက်မှတစ်ရာ ဆိုသကဲ့သို့ ကြီးငယ်မဟူ ပြည်သူအပေါင်းတို့က ဝမ်းပန်းတသာ ပါဝင်ဆောင်ရွက်ကြဖို့ လိုပေသည်။

ဒါန- ပေးကမ်းခြင်း၊ ပီယဝါစာ- ချစ်ဖွယ်စကားဆိုခြင်း၊ အတ္ထစရိယ- အကျိုးဆောင်ခြင်း၊ သမာနတ္တတာ- မိမိနှင့်တန်းတူ ဆက်ဆံခြင်းဟူသော “သင်္ဂဟတရားလေးပါး”သည် လူမှုဝန်ထမ်းစိတ်ဓာတ်၏ အခြေခံတရားပင်ဖြစ်သည်။ သက်ကြီးရွယ်အိုများဘဝ စိုပြည်လှပရေးအတွက် မည်သည့်နည်းစနစ်များကို ကျင့်သုံးသည် ဖြစ်စေ လူမှုဝန်ထမ်းစိတ်ဓာတ် အရင်းခံဖြင့်သာ ဆောင်ရွက်ကြရပေမည်။ ရှေးမြန်မာဘိုးဘွားများထံမှ ကောင်းမြတ်သည့် လူမှုဝန်ထမ်း စိတ်ဓာတ်အမွေရရှိထားသော မျိုးဆက်သစ် လူငယ်များအဖို့ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး တာဝန်ကို စိတ်ရောကိုယ်ပါထမ်းရွက်ကြရန် တာဝန်ရှိပေသည်။

အို၊နာ၊သေရေးဟူသော ဘေးဒုက္ခသုံးပါးသည် လူသားတိုင်း ရင်ဆိုင်ကြုံတွေ့ရမည့် သဘာဝတရား ဖြစ်သည်။ အိုခြင်းတရားကို မည်သူကမျှ ဟန့်တား၍ မရနိုင်ခြင်းကြောင့် ဘိုးဘွားရိပ်သာများတွင် **“သင်လည်း ဤသို့ အိုရအံ့”**၊ **“သင်လည်း တစ်နေ့မုချအိုရမည်”** ဟူသော သတိပေးစာတန်း ဆိုင်းဘုတ်များနှင့်အတူ-

> **“မအိုခင်က၊ အိုဒုက္ခကို**
> **တွေးဆစာနာ၊ ကရုဏာဖြင့်**
> **ဝေဆာတင့်ဆန်း၊ စေတနာပန်းများ**
> **ပွင့်သင့်ပြီ”**

အစရှိသော သံဝေဂလင်္ကာများဖြင့် စေ့ဆော်ထားသည်ကို တွေ့မြင်နိုင်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုတစ်ဝန်းလုံးရှိ သွေးချင်းသားချင်း သက်ကြီးရွယ်အိုများအပေါ် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ အကြင်နာအပြည့်ဖြင့် စာနာဆပွား အလေးထားလျက် ကူညီပြုစုစောင့်ရှောက်ကြပါစို့ဟု နှိုးဆော်အဖော်ညှိအပ်ပါသတည်း။ ။

29-9 (10).pmd 1 9/29/2008, 2:29 AM

ကလေးဆာတိုင်း တိုက်ကျွေးပေး မိခင်နို့သာ ဦးစားပေး

သတင်းဆောင်းပါး- သန်းသန်းနုနှင့် နုနုရီ ဓာတ်ပုံ- တိုင်းကျန်းမာရေးဦးစီးဌာန စာမျက်နှာဖွဲ့စည်းမှု- ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝေးလံခေါင်းပါးသော အရပ်ဒေသများအထိ ဆောင်ရွက်နေချိန်တွင် ကျန်းမာရေးဦးစီးဌာနသည်လည်း ကျေးလက်တောရွာမကျန် ကျန်းမာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို အလေးပေး၍ ဆောင်ရွက်လျက်ရှိသည်။



အလေ့အထ

မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး စီမံချက်ကို မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ်မှစ၍ အကောင်အထည် ဖော်ခဲ့ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်များအနက် ကျေးရွာရှိ မိခင်များသည် ရာခိုင်နှုန်းပြည့်ခန့် ရင်သွေးငယ်များကို နို့ချိုတိုက်ကျွေးကြသည့် အလေ့အထ ရှိပါသည်။

သို့သော် မိခင်အများစုသည် မိမိတို့ရင်သွေးငယ်များအား နို့ချိုတိုက်ကျွေးရာတွင် နည်းလမ်းမမှန်ကန်ခြင်း၊ စနစ်မကျခြင်း၊ အကျိုးအကြောင်း မဆီလျော်သော အယူအဆနှင့် အစဉ်အလာဟောင်းများကို ကျင့်သုံးလျက်ရှိနေသေးခြင်းကို တွေ့ရှိရသည်။

အကျိုးသက်ရောက်မှု

ယင်းပြုမူချက်များကြောင့် ကလေးငယ်များတွင် အာဟာရမပြည့်ဝခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ခြင်းနှင့် ကိုယ်နှင့်စိတ်ဖွံ့ဖြိုးမှု စံချိန်မမီခြင်းတို့ကို တွေ့ရသည်။ ထို့ကြောင့် မိခင်များသည် မိမိတို့ရင်သွေးငယ်များအား နို့ချိုတိုက်ကျွေးရာ၌ စနစ်တကျ နည်းမှန် လမ်းမှန်ဖြင့် တိုက်ကျွေးတတ်ရန် လိုပါသည်။ သို့မှသာ မိခင်နှင့်ကလေးများအတွက် အကျိုးသက်ရောက်မှု ရှိပါမည်။

"မိခင်နို့ရည် တိုက်ကျွေးမှုနှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ အမျိုးသားရေးမူဝါဒ"ကိုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကလေးအား နို့ဦးရည် တိုက်ကျွေးသဖြင့် သားအိမ် ကျုံ့ ခြင်း၊ သွေး သွန်မှု မဖြစ်ခြင်း၊ သားဆက်ခြားခြင်း၊ သားမြတ်နှင့် သားဥအိမ် ကင်ဆာများ ကင်းစင်နေသော မိခင်။

အမျိုးသားရေးမူဝါဒ

သားဖွားမိခင်နှင့် ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးသော ဌာနတိုင်းသည် မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ အမျိုးသားရေးမူဝါဒများကို လိုက်နာသင့်သည်။

ကျန်းမာသန်စွမ်းသောမိခင်မှ မွေးဖွားသော ရင်သွေးများသာလျှင် နိုင်ငံတော်အတွက် အလုပ်အကျွေးပြုနိုင်မည်ဖြစ်၍ မိခင်တိုင်းသည် မိမိတို့၏ ရင်သွေးငယ်များကို မွေးကင်းစမှစ၍ မိခင်နို့ကို စနစ်တကျ တိုက်ကျွေးသင့်။

မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ အမျိုးသားရေးမူဝါဒ

၁။ ခြောက်လအောက် ကလေးငယ်များအား မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန် တိုက်တွန်းပေးရမည်။

၂။ မွေးဖွားပြီး နာရီဝက်အတွင်း မိခင်နို့တိုက်ကျွေးမှုပြုလုပ်နိုင်ရန် မိခင်များအား ကူညီဆောင်ရွက်ရမည်။

၃။ မိခင်နို့မတိုက်မီ မည်သည့် အစာရေစာမျှ မတိုက်ကျွေးရပါ။

၄။ မိခင်နှင့်ကလေး ခွဲနေရပါက မိခင်နို့ ဆက်လက်ထွက်နိုင်စေရန် မိခင်အား သင်ပြပေးရမည်။

၅။ မွေးဖွားပြီး မိခင်နှင့်ကလေး တစ်ခန်းတည်း အတူထားခြင်းကို ကျင့်သုံးရမည်။

၆။ ကလေးဆာတိုင်း မိခင်နို့တိုက်ကျွေးခြင်းကို အားပေးရမည်။

၇။ ကလေးခြောက်လမတိုင်မီ မိခင်နို့မှ တစ်ပါး အခြားအစာ၊ ရေနှင့်အရည် မတိုက်ကျွေးရ။

၈။ ကလေးအသက် နှစ်နှစ်ပြည့်သည်အထိ မိခင်နို့တိုက်ကျွေးရန် တိုက်တွန်းရမည်။

၉။ မိခင်နို့ တိုက်ကျွေးခြင်း အကျိုးကျေးဇူးများနှင့် တိုက်ကျွေးနည်းစနစ်များကို ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးဖွားပြီးမိခင်များအား အသိပညာပေးရမည်။

၁၀။ မိခင်နို့တိုက်ကျွေးခြင်းနှင့် ပတ်သက်၍ မွေးဖွားပြီးမိခင်များအား ကူညီပံ့ပိုးပေးရမည်။

၁၁။ မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး အထောက်အကူပြုအဖွဲ့များထူထောင်ဖွဲ့စည်းခြင်းကို အားပေးဆောင်ရွက်ရမည်။

၁၂။ မိခင်နို့ အစားထိုးပစ္စည်းများ (နို့မှုန့်စသည်) အခမဲ့ ဖြန့်ဝေခြင်းကို လက်မခံရ။

၁၃။ မိခင်နို့အစားထိုးပစ္စည်းများ (နို့မှုန့်စသည်)နှင့်ပတ်သက်သည့် ကြော်ငြာခြင်းကို ခွင့်မပြုရ။

၁၄။ နို့စို့ကလေးငယ်များအား နို့သီးခေါင်းအတု(သို့မဟုတ်)ချိုလိမ်စို့ရန်မပေးရ ဟူ၍ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ပေးထားပါသည်။

မိခင်နို့တိုက်ကျွေးသဖြင့် နိုင်ငံတော်အတွက် ကုန်ကျစရိတ်သက်သာသည့်အပြင် စိတ်ရောကိုယ်ပါ ကြံ့ခိုင်သောကလေးများ ရရှိနိုင်ပါသည်။

မိခင်နို့သည် ရင်သွေးအတွက်အကောင်းဆုံးဖြစ်သည်ဟူသောအသိဖြင့် မွေးဖွားလာမည့်ရင်သွေးကို မိမိ၏နို့ရည်သာတိုက်ကျွေးမည်ဟူသော ခံယူချက် ခိုင်မာစွဲမြဲစေရန် ကိုယ်ဝန်ဆောင်စဉ်ကပင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးလုပ်သားများက ပညာပေးကြရပါမည်။

မိခင်နို့ရည်သည်မအေးလွန်း၊မပူစပ်လွန်း၊ မကျဲလွန်းဘဲ ပါဝင်သောဒြပ်ပစ္စည်းများ၏ အချိုးအစားသည် ရင်သွေးငယ်အတွက် ပြုပြင်ရန် လုံးဝမလိုအပ်သော၊ သင့်တင့်မျှတသော အချိုးအစားဖြင့် ပါဝင်သည်။

မိခင်နို့သာ တိုက်ကျွေးသဖြင့် မိသားစုကုန်ကျစရိတ် သက်သာသည့်အပြင် အခြားကလေးများအတွက် ဤသို့ အချိန်ပိုပေးနိုင်သည်။

မိခင်နို့တစ်မျိုးတည်း

အသက်ခြောက်လအရွယ်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ စံနှုန်းပြည့် အာဟာရတစ်ခုအနေဖြင့် တိုက်ကျွေးရပါမည်။ မည်သည့် ရေ၊ အရည်၊ အစာမျှ တိုက်ကျွေးရန်မလိုပါ။ မိခင်နို့ရည်တွင် ကလေးကြီးထွားစေရန် အင်အားအပြည့်အဝပါဝင်သည့်အပြင် အသားဓာတ်၊ အဆီဓာတ်၊ ကစီဓာတ်၊ ဗီတာမင်ဓာတ်၊ ရေဓာတ်တို့သည် အချိုးအစားမျှတစွာ ပါဝင်ပါသည်။

မွေးဖွားပြီးနောက် ကလေးဆာတိုင်း မိခင်နို့ ဆက်လက်၍ တိုက်ကျွေးစေရပါမည်။ မွေးပြီး ပထမ သုံးရက်အတွင်း နို့ဦးရည် အနည်းငယ်သာ ထွက်ပါသည်။ ၎င်းနို့ဦးရည်သည် ကျန်းမာသော မွေးကင်းစကလေးအတွက် လုံလောက်မှုရှိပါသည်။ နို့ထွက်မြန်ဆန်စေရန်နှင့် သုံးရက်နောက်ပိုင်း နို့လိုက်လာသောအခါ နို့တင်းမှုမှ ကာကွယ်ရန် မွေးစမှစ၍ ကလေးဆာတိုင်း မိခင်နို့တိုက်ပေးရန် လိုအပ်သည်။

အထူးအရေးကြီး

မွေးပြီးစရက်များတွင် မိခင်သည် တစ်နေ့လျှင် နေ့ညအပါအဝင် အနည်းဆုံး ၁၀ကြိမ်မှ ၁၂ကြိမ်အထိ မိခင်နို့ တိုက်ရပါမည်။ ညပိုင်းတွင် မိခင်နို့ ပိုထွက်ရှိသဖြင့် ညပိုင်းတွင် နို့တိုက်ရန် အထူးအရေးကြီးပါသည်။ နောက် နို့လိုက်သောအခါတွင် ကလေးသည် အလိုအလျောက် သုံးနာရီခန့် တစ်ကြိမ်သာ ဆာတတ်ပါမည်။ ယေဘုယျအားဖြင့် ကလေးသည် မွေးပြီးစတစ်လအတွင်းတွင် တစ်ရက်လျှင် မိခင်နို့ ၁၀ကြိမ်မှ ၁၂ကြိမ်အထိ စို့ယူတတ်ပါသည်။ ကလေးနို့စို့မှုသည် ၂၄နာရီတွင် ရှစ်ကြိမ်ထက် မနည်းသင့်ကြောင်း မိခင်တိုင်းက ဆောင်ရွက်သင့်ကြပါသည်။

လူ့ဘဝသည် ရခဲလှပေစွ၊ ရခဲလှစွာသောလူ့ဘဝတွင် လူတိုင်းရောဂါဘယကင်းဝေးပြီး ကျန်းမာသန်စွမ်းမှုကို လိုလားကြသည်။ ကျန်းမာသန်စွမ်းသော မိခင်မှ မွေးဖွားသော ရင်သွေးများသာလျှင် နိုင်ငံတော်အတွက် အလုပ်အကျွေး ပြုနိုင်မည်ဖြစ်၍ မိခင်တိုင်းသည် မိမိတို့၏ ရင်သွေးငယ်များကို မွေးကင်းစမှစ၍ မိခင်နို့ကို စနစ်တကျတိုက်ကျွေးသင့်ပါကြောင်း အကြံပြုနှိုးဆော် လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

နို့ဦးရည်ကို စနစ်တကျ တိုက်ကျွေးသဖြင့် အာဟာရစံနှုန်းပြည့်ဝစွာဖြင့် ရောဂါကင်းလျက် ကျန်းမာရွှင်လန်းသော ကလေးငယ်ကို တွေ့ရစဉ်။

မိခင်နို့ တိုက်ကျွေးရေး အထောက်အကူပြုအဖွဲ့ ထူထောင်ပေးခြင်းဖြင့် မိခင်များကို အသိပညာ ဆင့်ပွားပေးနိုင်ပါသည်။

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာဖတ်ခန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၈

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ရက် နံနက် ၁၀နာရီက ကိုယ့်မင်းကိုယ်ချင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဟောပြော

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မာရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဟောပြောသည်။ **(အောက်ပုံ)** ဆက်လက်၍ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့တွင်လည်း ဟောပြောပွဲနှင့်စာဖတ်ဝိုင်းများ ကျင်းပကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၈

ရှမ်းပြည်နယ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက် ၉နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဇနီး ဒေါ်သဥ္ဇာဝင်းစိန်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အဖွဲ့များ၊ ဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** အမှာစကား ပြောကြားသည်။ ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်နေမှုများကို တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ် အပေါင်းတို့က ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ရှမ်းပြည်နယ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊(မြောက်ပိုင်း)နှင့်(အရှေ့ပိုင်း)တို့မှ ပြိုင်ပွဲဝင် စုစုပေါင်း ၁၄၇ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့နံနက် ၉နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပရာ အမျိုးသားသုံးယောက်တွဲ ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းအသင်းက နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားပြီး ရန်ကုန်တိုင်းအသင်းက ဒုတိယရရှိသည်။

သုံးဆုဆွတ်ခူး

ဧရာဝတီတိုင်းအသင်းသည် အမျိုးသားနှစ်ယောက်တွဲနှင့် သုံးယောက်တွဲပြိုင်ပွဲများတွင် ပထမဆုများနှင့်အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ပထမဆုအပါအဝင်ပထမဆုသုံးဆုစလုံး ဆွတ်ခူးရရှိသွားခဲ့သည်။ ရန်ကုန်တိုင်းအမျိုးသမီးအသင်းသည် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသွားသည်။

ဆုများကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ခေတ္တကျောင်းအုပ်ကြီး ဦးခင်မောင်ကျော်တို့က ငွေသားဆု၊ ဆုတံဆိပ်နှင့် တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်သည်။ **(မြန်မာ့အလင်း)**



ပထမဆုဆွတ်ခူး

(၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသော ဧရာဝတီတိုင်း အမျိုးသား၊ အမျိုးသမီးအသင်းအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

သစ်တင်ချသံများ နားမခံနိုင်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကွင်းကောက်မြို့မြောက်ဘက် စပါးခွံမီးစက်အနီးတွင် တရားမဝင် မှောင်ခိုသစ်ကုန်သည်တစ်ဦးသည် တောမှသစ်များအား နန်ကသူချောင်းရိုးအတိုင်း ဝါးဖောင်များဖြင့် စုန်မျှောယူလျက် ၄င်းသစ်ကုန်သည်၏ နေအိမ်နောက်ဘက် ဆိပ်ကမ်းမှတစ်ဆင့် အိမ်ခြံဝင်းအတွင်းထားရှိပြီး ကားများဖြင့်အခြားမြို့နယ်များသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ ယင်းကဲ့သို့ ညအချိန်မတော်ကားပေါ်သို့ သစ်တုံးကြီးများတင်သည့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများနားမခံသာအောင် ဆူညံလျက်ရှိပါ၍ သက်ဆိုင်ရာမှအရေးယူပေးပါရန် တင်ပြအပ်ပါသည်။ ကွင်းကောက်သား

စည်းကမ်းမဲ့ အမှိုက်များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ကြည့်မြင်တိုင်မြို့နယ် ကွမ်းရွံတန်းအထက်လမ်း ဈေးကြီးအရှေ့ရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် နေ့စဉ်နောက်ဖေးအိမ်များဘက်သို့ စည်းကမ်းမဲ့စွာ အညစ်အကြေးများ စွန့်ခြင်း၊ ထင်းများဖြင့်မီးမွှေးခြင်း၊ ပတ်ဝန်းကျင်နေအိမ်များနှင့် မချေမငံဆဲဆို ဆက်ဆံခြင်းတို့ကြောင့် ဘေးပတ်ဝန်းကျင်ရှိလူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်နေသူ**

လက်ဖက်ရည်ဆိုင် စည်းကမ်းမဲ့ဖွင့်လှစ်

စာတည်းရှင့်-

စစ်တွေမြို့ ကျောင်းကြီးလမ်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် ဆိုင်အတွင်းသာမက ဆိုင်ရှေ့အများပိုင် လမ်းမကြီးဝဲယာတွင် စားပွဲများခင်းပြီး စည်းကမ်းမဲ့ဖွင့်လှစ်ရောင်းချနေရာ လမ်းဘေးခုံတွင်ထိုင်ပြီး လမ်းသွားလမ်းလာ မိန်းကလေးများအား ကာယိန္ဒြေပျက်လောက်အောင်နောက်ပြောင်ခြင်း၊ ယင်းလမ်းတွင် လူ၊ စက်ဘီး၊ ဆိုက်ကားနှင့် ကားအသွားအလာအလွန်ထူထပ်သဖြင့် ယာဉ်အန္တရာယ် မကြာခဏဖြစ်ခြင်းတို့ကြောင့် အဆိုပါလက်ဖက်ရည်ဆိုင်ကို သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျောင်းကြီးလမ်းသူ**

ပြည့်တန်ဆာလုပ်ငန်း ရဲတင်းစွာလုပ်ကိုင်နေ

စာတည်းခင်ဗျား-

မန္တလေးတိုင်း အမရပူရမြို့ မှန်တန်းရပ်ကွက် ကွမ်းသီးတန်းရပ် အမက(၁၄) စာသင်ကျောင်းအနီးရှိ အိမ်တစ်အိမ်တွင် နေ့ရောညပါ ပြည့်တန်ဆာလုပ်ငန်းကို ရဲတင်းစွာ လုပ်ကိုင်နေပါသဖြင့် သက်ဆိုင်ရာမှ ထိရောက်စွာအရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **မှန်တန်းသား**

ကွမ်းယာနပ်ဆေးကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဥပုသ်တော် အကွက် ၂၈ ကြေးသွန်းရပ်ကွက်မြောက်ပြင်ရှိ နေအိမ်တစ်အိမ်တွင် ကွမ်းယာနပ်ဆေးလုပ်ငန်းမှ ဆေးရွက်ကြီးပြုတ်ခြင်း၊ ဆေးရွက်၊ ဆေးရိုးလှန်းခြင်းမှထွက်သော အနံ့များကြောင့် ပတ်ဝန်းကျင်နေအိမ်များ ကျန်းမာရေးထိခိုက်ပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ကျန်းမာရေးထိခိုက်သူ

အိမ်သုံးစက်မှုလုပ်ငန်း ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား-

မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် မဟာဗန္ဓုလလမ်းမကြီးဘေးရှိ အိမ်တစ်အိမ်တွင် စပါးခွံလောင်စာသုံး ဘွိုင်လာစက်ကြီးဖြင့် ရေခဲစက်လုပ်ငန်းများ လုပ်ကိုင်နေရာ ၄င်းမှထွက်သော မီးခိုးညှော်နံ့နှင့် စက်ဆူညံသံများကို နေ့စဉ်ခံစားနေရပါသောကြောင့် အဆိုပါ အိမ်တွင်းစက်မှုလုပ်ငန်းကို ရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

အချိန်မတော်ဂစ်တာသံ အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ် ၂၆ ရပ်ကွက် အောင်ဇေယျအိမ်ရာတွင် ညဉ့်နက်သန်းခေါင် ဂစ်တာတီးသံများ ဆူညံလျက်ရှိရာ ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ပြီး အိပ်မရဖြစ်နေပါသဖြင့် ဂစ်တာဝိုင်းများကိုကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူ

သာကေတမြို့နယ်မှ လမ်းဘေးဈေးသည်များ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

သာကေတမြို့နယ် အမှတ်(၁၀) ရပ်ကွက်ဈေးကြီး၏ တောင်ဘက်ကပ်လျက်ရှိသော ရတနာပုံ (၁)လမ်းပေါ်တွင် နေ့စဉ် နံနက်တိုင်း တရားမဝင် ပုံကျဈေးသည်များ ရောင်းချလျက်ရှိရာ စက်ဘီး၊ ဆိုက်ကားအနေးယာဉ်များ၊ ဝန်တင်လက်တွန်းလှည်းများနှင့် လမ်းသွားလမ်းလာများ အလွယ် တကူသွားလာရန် အခက်အခဲရှိနေပါ၍ အဆိုပါလမ်းဘေးဈေးသည်များအား သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

၁၀ ရပ်ကွက်သား

လျှပ်စစ်အန္တရာယ်စိုးရိမ်ရမှု ဆောင်ရွက်ပြီးစီး

၁၅-၉-၂၀၀၈ရက် မြန်မာ့အလင်းသတင်းစာပါ **ကလောမြို့နယ် အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်တွင် ဆီးပင်နှင့် အခြားအပင်များသည် လျှပ်စစ်ဓာတ်ကြိုးနှင့် ထိစပ်နေ၍ လျှပ်စစ်အန္တရာယ် စိုးရိမ်ရ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဧရာဝဏ် သွေးညို သွေးဆေး

မြန်အောင်နေခြည်ဈေး၌ အိုင်အိုဒင်းဆား ရောင်းချမှုစစ်ဆေး

မြန်အောင် စက်တင်ဘာ ၂၈

မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမြင့်သန်းနှင့်အဖွဲ့သည် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ စက်တင်ဘာ ၁၇ရက်က မြန်အောင်မြို့မ နေခြည်ဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချနေမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ မြေနှင့် တိုက်အိမ်ရောင်းချရန် ဈေးပြိုင်တင်ဒါကြော်ငြာ

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း(ယခင်အာတီးယားလမ်း) ခြံအမှတ်(၄၀/A)တွင် အလျား ၁၅၂ပေ ဒသမ ၀၀လက်မ၊ အနံ ၇၆ပေ ဒသမ ၀၀လက်မ အကျယ်အဝန်းရှိသော ခြံမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက်အဆောက်အအုံကို မူလပိုင်ရှင် ဦးရွှေထွန်းအောင်၊ ဇနီး ဒေါ်တင်တင်ဦးတို့က ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ တရားဝင်အမည်ပေါက် စာချုပ်စာတမ်းဖြင့် လွှဲပြောင်းလှူဒါန်းထားခဲ့ပါသည်။ အလှူရှင်များ၏ ဆန္ဒအာသီသနှင့်အညီ ရွှေတိဂုံစေတီတော်၏ ဘဏ္ဍာတော်ငွေရရှိစေရန် အဆိုပါမြေနှင့် တစ်ထပ်တိုက်အဆောက်အအုံကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဝယ်ယူလိုသူများ တင်ဒါပုံစံနှင့် စည်းကမ်းချက် တစ်စုံလျှင် ငွေကျပ် ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူပြီး ၃-၁၀-၂၀၀၈ရက် မွန်းလွဲ ၁၃း၀၀နာရီ နောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဝင်းကြိုင်၊ အတွင်းရေးမှူး
ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့။

စိတ်မချ ဖြစ်နေလား
အရမ်းချောတဲ့ ချစ်သူကို
မျက်ကွယ်မှာထားပြီး
ခွဲနေရတာ တစ်ခါတလေ
အရမ်းစိုးရိမ်မှာပေါ့
ပိုင်ရှင်ရှိမှန်း လူတွေသိသွားအောင်
စေ့စပ်လက်စွပ်ကလေး
ဆင်တူဝတ်ထားလိုက်ရင်
မကောင်းဘူးလား
JASMINE PHYU မှာ
အရမ်းလှတဲ့ စေ့စပ်လက်စွပ်ကလေးတွေ
ရှိတယ်နော်......

Jasmine Phyu
Gems & Jewellery Shop
အမှတ်(၅၆/အေ)၊ ကမ္ဘာအေးဘုရားလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်းရှေ့)
ဖုန်း - ၉၅-၁-၆၆၁၇၆၂

■ *ကျောဖုံးမှ*

အခြေအနေကို ကျော်လွှားဖို့ ကြိုးစားမှာပါ။ အားလ်ဘော့ဂ်မြေမှာ အနိုင်ကစားနိုင်ရေးအတွက် ဘာဘာတော့ဗ်၊ တီဗက်ဖ်၊ ရွန်နေ၊ စီရိုနယ်ဒို၊ ပေါလ်စခိုးအစရှိတဲ့သူတွေကို နာနီ၊ အန်ဒါဆန်တို့ကိုရံပြီး ယှဉ်မှာပါ။ ဖာဂူဆန်ဟာ အုပ်စုတွေကနေ နောက်တစ်ဆင့် တက်ရောက်ဖို့အတွက် အခုထဲက လွတ်လွတ်ကျွတ်ကျွတ်နဲ့ ရှေ့ဆက်နိုင်ဖို့ သေချာစေမယ့် အနိုင်ပွဲကိုသာ ရှာဖွေမှာပါ။ အစပိုင်းမှာ ကစားရခက်နေနိုင်ပေမယ့်လည်း နည်းစနစ်ပိုင်းမှာအသာရနေတဲ့ မန်ယူဟာ အခွင့်အရေးရတဲ့အပေါ်မူတည်ပြီး ချန်ပီယံလိဂ်အတွေ့အကြုံပိုင်း အားနည်းတဲ့ အိမ်ရှင်ကို ဖိအားပေးမှာပါ။ ဒါကြောင့် ဒီပွဲမှာ မန်ယူလိုအသင်းကို ရဲရဲပဲအားပေးလိုက်ကြရအောင်ပါ။

ဗီလာရီးရဲလ်-ဆဲလ်တစ်

ဒီတစ်ခါလည်း ဆဲလ်တစ်အနေနဲ့ အိမ်ရှင်ဖြစ်တဲ့ ဗီလာရီးရဲလ်လို အသင်းအပေါ်မှာ ဖိအားပေးကစားနိုင်မယ် မထင်ဘူး။ ဗီလာရီးရဲလ် အိမ်ကွင်းကစားဟန်က ဆဲလ်တစ်ထက်မာပြီး ဂိုးသွင်းသေချာတဲ့သူတွေ ရှိနေတယ်။ ဒါကြောင့် ဆဲလ်တစ်ဟာ အဝေးကွင်းမှာ တန်ပြန်တိုက်စစ်ကိုသာ အားကိုးကစားရမလို ဖြစ်နေတယ်။ နာကာမူယာလို ကစားသမားကလည်း လောလောဆယ်မှာ ခြေစွမ်းပိုင်း အနည်းငယ်ကျနေတာကြောင့် အသင်းအပေါ်မှာ ပံ့ပိုးမှု နည်းပါးနေတယ်။ ဗီလာရီးရဲလ်အနေနဲ့ကတော့ ရော့ဆီ၊ နီဟက်၊ ရော်ဘတ်ပီးရက်စ်တို့ရဲ့အားနဲ့ အသာရအောင် ထိုးဖောက်ကစားမှာ ဖြစ်နေတယ်။ ဗီလာရီးရဲလ်ပဲ အသာရနိုင်မယ့်ပွဲပါ။

အုပ်စု(စ)

ဘိုင်ယန်မြူးနစ်-လီယွန်

ဒီနှစ်သင်းရဲ့ တွေ့ဆုံခဲ့ဖူးတဲ့ အစဉ်အလာတွေရှိတယ်။ ဘိုင်ယန်ဟာ ၁-၀နဲ့ တစ်ကြိမ်နိုင်ခဲ့ဖူးသလို ၁-၂နဲ့လည်း လီယွန်ကို အရေးနိမ့်ခဲ့ဖူးတယ်။ ဒီတစ်ခါတော့ ဘိုင်ယန်ဟာ လီယွန်လိုအသင်းကို အိမ်ကွင်းအားသာချက်နဲ့ ဖိအားပေးကစားဖို့ ကြိုးစားလိမ့်မယ်။ အသင်းမှာ ရစ်ဘာရီ ပြန်ပါလာတာက ဘိုင်ယန်ရဲ့ တိုက်စစ်ကို ပိုပြီးထက်မြက်သွားစေသလိုပါပဲ။ ပြီးတော့ ကလိုဆေးလည်း ပြန်ကစားနိုင်ပြီဖြစ်လို့ ကလင်းစမန်းလက်ထဲကဘိုင်ယန်ဟာ လူကာတိုနီ၊ ရှဝိန်းစတိန်းဂါတို့နဲ့ ပေါင်းရင် ဘင်ဇီမာ၊ ဂျူနင်ဟိုတို့ ပါဝင်တဲ့လီယွန်ကို အနိုင်မရစရာအကြောင်းမရှိဘူး။ ဒါကြောင့် ဘိုင်ယန်အနေနဲ့ ဂိုးဇရီယာအစပ်မှာ ပြစ်ဒဏ်ဘောပေးရတာမျိုးကို ရှောင်ရှားနိုင်မယ်ဆိုရင် လီယွန်ဆီက အနိုင်သုံးမှတ်ကို အပြည့်အဝရပါလိမ့်မယ်။ ဘိုင်ယန်ရဲ့ခြေကိုပဲ ကြိုက်လိုက်ကြရအောင်ပါ။

အုပ်စု(ဆ)

အာဆင်နယ်-ပေါ်တို

ပေါ်တိုဟာ အာဆင်နယ်နဲ့ ဆုံခဲ့ဖူးတဲ့အသင်းပါ။ အရင်တွေ့ခဲ့တဲ့နှစ်မှာတော့ ပေါ်တိုဟာ အာဆင်နယ်ကို အဝေးကွင်းမှာ တစ်ခါမှအနိုင်မရသေးပါဘူး။ ဒါကြောင့် အခုပွဲမှာ အိမ်ရှင်အာဆင်နယ်ကို သတိထားပြီး တန်ပြန်တိုက်စစ်တွေနဲ့ ဒုက္ခပေးနိုင်တယ်။ ပေါ်တိုရဲ့ ထိုးဖောက်တိုက်စစ်ဆင်ပုံတွေဟာ သေသပ်ပြီး ထက်မြက်တဲ့ တိုက်စစ်မှူးတွေ ရှိပေမယ့် အာဆင်နယ်ခံစစ်ကြောင်းကိုတော့ လွယ်လွယ်နဲ့ ထိုးဖောက်နိုင်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီပွဲမှာပေါ်တိုဟာ အာဆင်နယ်တိုက်စစ်ကို ပွဲချိန်ပြည့် လိုက်လံထိန်းချုပ်နေရမှာ ဖြစ်လို့ပါပဲ။ အာဆင်နယ်လူငယ်ကစားသမားတွေဟာ လတ်တလောမှာ ခြေစွမ်းထက်နေပြီး အသင်းလိုက်ကစားပုံလည်း အချိတ်အဆက်မိနေတယ်။ ပြီးတော့ ဒိုင်နမိုကိဗ်ကို ပထမပွဲစဉ်မှာ သရေရထားတာကြောင့် နိုင်ပွဲမရဘဲဖြစ်နေတယ်။ အခု အိမ်ကွင်းမှာ ပေါ်တိုနဲ့ ကစားရမယ့်ပွဲကိုပါ ပထမဆုံး အနိုင်သုံးမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ လူကောင်း တွေများပြီး ကစားအားသာတဲ့ အာဆင်နယ်ကိုပဲ အမှတ်ပေးသင့်တဲ့ပွဲ ဖြစ်ပါတယ်။

ဖီနာဘာချီ-ဒိုင်နမိုကိဗ်

ဒီနှစ်သင်းလည်း တွေ့ဆုံခဲ့ဖူးတဲ့ အစဉ်အလာရှိတယ်။ အထူးသဖြင့် ဒိုင်နမိုကိဗ်က ဖီနာဘာချီကို အဝေးကွင်းမှာ သရေကစားထားဖူးတဲ့ အစဉ်အလာရှိတယ်။ ဒါပေမယ့် လက်ရှိအနေအထားအရတော့ အဝေးကွင်းမှာ ဒိုင်နမိုကိဗ်အဖို့ အိမ်ရှင်အသင်းကို အရင်လို ဒုက္ခတွေ့အောင် ကစားဖို့ဆိုတာ မလွယ်ဘူး။ ဖီနာဘာချီမှာ ကစားသမားကောင်းတွေ အများကြီးရှိတယ်။ ပြီးတော့ တူရကီအသင်းတွေဟာ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို အနိုင်ယူကစားတတ်တဲ့ အစဉ်အလာရှိတာကြောင့် ဒိုင်နမိုကိဗ်အနေနဲ့ အခုပွဲမှာ လိုတာထက်ပိုပြီး ရုန်းကန်ရဖွယ်ရှိတယ်။ အိမ်ရှင်အသင်းဟာ ပထမပွဲစဉ်မှာ ပေါ်တိုကို ရှုံးထားလို့ အမှတ်လက်မဲ့ဖြစ်နေတဲ့ အသင်းဆိုတော့ သေချာပေါက် ဒီပွဲမှာ အနိုင်ကစားဖို့ ရှိနေတယ်။

အုပ်စု(ဇ)

ဇင်းနစ်-ရီးရဲမက်ဒရစ်

အဖွင့်ပွဲတုန်းက အီတလီကလပ် ဂျူဗင်းတပ်စ်ကို ၁-၀နဲ့ အရေးနိမ့်ထားတဲ့ ယူအီးအက်ဖ်အေ လက်ရှိချန်ပီယံဇင်းနစ်ဟာ အခုပွဲမှာ ပြိုင်ဘက်ရီးရဲကို အိမ်ရှင်ဖိအားသုံးပြီး အနိုင်ရအောင် ယှဉ်ပြိုင်ကစားဖွယ်ရှိတယ်။ ရုရှားကလပ်အများစုဟာ ဘယ်ပြိုင်ပွဲမှာမဆို အိမ်ကွင်းမာပြီး ပြိုင်ဘက်ကို အခက်တွေ့အောင်လုပ်တတ်တာ အစဉ်အလာတစ်ခုဖြစ်နေပြီ။ ဒါကြောင့် ဂိုးသွင်းနှုန်းတက်နေတဲ့ စပိန်ကလပ်ရီးရဲအနေနဲ့ အဝေးကွင်းမှာ ပရိသတ်အကြိုက် အနိုင်ယူပြဖို့ဆိုတာ မလွယ်ဘူး။ နောက်တစ်ချက်က ရီးရဲဟာ တိုက်စစ်သာကောင်းပေမယ့် ခံစစ်ပိုင်းမှာ လုံခြုံမှုနည်းပါးတာကို တွေ့ရတယ်။ ဒါကြောင့် အိမ်ကွင်းအရှိန်နဲ့ ဖိအားပေးကစားပြီး အနိုင်သုံးမှတ်ရအောင်ယူဖို့ ကြိုးစားမယ့် ဇင်းနစ်ဟာ ရီးရဲရဲ့ ထိန်းချုပ်ကစားမှုကို ရအောင်ရုန်းထွက်လိမ့်မယ်။ အာရှာဗင်လိုကစားသမားတွေကလည်း ဇင်းနစ်အတွက် အစွမ်းကုန်ပေးဆပ်နိုင်စွမ်းရှိတော့ ရီးရဲလိုအသင်းကြီးတစ်သင်းကို ဒုက္ခပေးမှာ မလွဲဘူး။ ဒါကြောင့် ရီးရဲကို အခုပွဲမှာ မေ့ထားလိုက်တာ အကောင်းဆုံးပါပဲ။

ဘိုရီဆော့ဗ်-ဂျူဗင်းတပ်စ်

ဘီလာရစ်ကလပ်ဟာ အိမ်ကွင်းအရှိန်နဲ့ ဂျူဗင်းတပ်စ်လို အသင်းကို ဖိအားပေးကစားဖို့ဆိုတာ မလွယ်ဘူး။ သူတို့ရဲ့ ပထမဆုံး ဂျူဗင်းတပ်စ်နဲ့ဆုံတဲ့ အတွေ့အကြုံဟာ ရီးရဲလ်နဲ့ ကစားခဲ့ရစဉ်အတိုင်း ကြမ်းတမ်းတဲ့ အခက်အခဲတွေ အများကြီး ရှိနိုင်ပါတယ်။ ဂျူဗင်းတပ်စ်အသင်းမှာ ထရေဇီဂေးလိုကစားသမား ဒဏ်ရာကြောင့် မပါဝင်နိုင်ပေမယ့်လည်း ကျန်တဲ့ နက်ဗက်၊ ဒယ်ပယ်ရို၊ ဆာလီဟာမစ်ဇစ်တို့လို ဝါရင့်ကစားသမားတွေ ကျန်နေသေးတာမို့ အီတလီကလပ်ရဲ့ တိုက်စစ်ဟာ အားလျော့သွားခြင်း မရှိပါဘူး။ အတွေ့အကြုံက ဒီပွဲမှာ အများကြီးစကားပြောလိမ့်မယ်။ ဒါကြောင့် ဒီပွဲမှာလည်း အိမ်ရှင်ဖြစ်တဲ့ ဘိုရီဆော့ဗ်အစား ဧည့်သည် ဂျူဗင်းတပ်စ်ကိုပဲ ရွေးထားလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

မူးယစ်ကင်းစင် အလှဆင်

မဟာအောင်မြေဘုံစံကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မြို့မရပ်ကွက် မဟာအောင်မြေဘုံစံကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ဖြစ်တော်မူသော သက်တော် (၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါရှိ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဒ္ဒန္တပညိန္ဒာဘိဝံသ မဟာထေရ်ဆရာတော်ဘုရားကြီးသည် ၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော်၁၃ရက်၊ (၂၇-၉-၂၀၀၈ရက်) စနေနေ့ ည ၉း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကွင်းပွင့်ဖလား တင်းနစ်ပြိုင်ပွဲ စတင်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၁၅ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက် (၁၂)နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၁၆)နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ အောက်တိုဘာ ၁၄ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းလာ

ရန်ကုန် စက်တင်ဘာ ၂၈

စက်တင်ဘာ ၂၈ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို ဖော်ပြရပါက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

စက်တင်ဘာ ၂၉ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ထစ်ချုန်းရွာနိုင်

စက်တင်ဘာ ၂၉ရက် **(ယနေ့)** နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မုတ်သုံလေ

မြန်မာစံတော်ချိန် နံနက်၉နာရီခွဲအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

တိုက်ခတ်နိုင်

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျရောက်နိုင်ပြီး မိုးသက်လေပြင်းကျစဉ် မြေပြင်ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။

စက်တင်ဘာ ၂၈ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များကို အောက်ပါအတိုင်း တွေ့ရသည်-

နေပြည်တော်(သပြေကုန်း)	၀ ဒသမ ၃၉ လက်မ
မောင်တော	၅ ဒသမ ၂၀ လက်မ
ပူတာအို	၃ ဒသမ ၃၈ လက်မ
ကျောက်ဖြူ	၃ ဒသမ ၃၅ လက်မ
စစ်တွေ	၃ ဒသမ ၀၇ လက်မ
မချမ်းဘော	၂ ဒသမ ၆၈ လက်မ
ကျောက်တော်	၂ ဒသမ ၄၀ လက်မ
ခန္တီး	၂ ဒသမ ၁၆ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ညောင်တုန်းမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုး

ညောင်တုန်း စက်တင်ဘာ ၂၃

ညောင်တုန်းမြို့နယ် ၂၀၀၈-၂၀၀၉ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စုပေါင်းစိုက်ပျိုးပွဲကို စက်တင်ဘာ ၁၇ရက်က ညောင်တုန်းမြို့နယ် ရိုးကြီး-အုတ်ဖို မြေသားလမ်းဝဲယာ ၁၀ဧကေ၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်၊ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်စိုး၊ အတွင်းရေးမှူး ဦးကိုကိုမောင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု ငါးအုပ်စုမှ ရွာသူရွာသားများ စုစုပေါင်းလူအင်အား ၇၀၀တို့က ခြံစည်းရိုးကြက်ဆူပင် ၁၇၀၀၀ကို တစ်အုပ်တစ်မ စိုက်ခင်းအဖြစ် စုပေါင်း စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အဖွဲ့ဝင်များက ခြံစည်းရိုး ကြက်ဆူပင် စုပေါင်း စိုက်ပျိုးနေကြသူများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

စုပေါင်းဆောင်ရွက်

ညောင်တုန်းမြို့နယ်တွင် လွန်ခဲ့သောနှစ်က စိုက်ပျိုးခဲ့ကြသော ခြံစည်းရိုးကြက်ဆူပင်များကို ပေါင်းလိုက်ခြင်း၊ မြေဩဇာကျွေးခြင်းများကိုလည်း စုပေါင်းဆောင်ရွက်ကြသည်။ (၁၅၂)

အုတ်ဖိုမြို့၌ စာပေဟောပြော နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြသ

အုတ်ဖို စက်တင်ဘာ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ စာပေဟောပြောပွဲကို စက်တင်ဘာ ၁၁ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးကိုယ်စား အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်တင်ဝင်းက ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ညွန့်ညွန့်စိန်က အသိပညာ၊ အတတ်ပညာ တိုးတက်ဖို့ စာဖတ်ကြစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသူများက နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြသပွဲများကို ကြည့်ရှုလေ့လာကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်းအောင် ဆောင်ရွက်လျက်ရှိသော ဦးပုညလမ်း ကွန်ကရစ်တံတားခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၁ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို ဩဂုတ်၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ ကျန်းမာရေးမှူး(၂) ဦးကြည်ဝင်းနှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (တိုင်းစည်ပင်)

မိုးမောက် ပြန်/ဆက် စာကြည့်တိုက်အကြောင်း သိကောင်းစရာ ဟောပြော

မိုးမောက် စက်တင်ဘာ ၂၁

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ စာကြည့်တိုက်အကြောင်း သိကောင်းစရာဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် နံနက် ၉ နာရီခွဲက အထကပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးတင်မောင်လှက အဖွင့်အမှာစကား ပြောကြားပြီး ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်က စာကြည့်တိုက်အကြောင်း သိကောင်းစရာကို ဟောပြောသည်။ ထို့နောက် မြို့နယ် ဦးစီးမှူး ဒေါ်အေးအေးလင်းက စာကြည့်တိုက် အသင်းဝင် ကတ်ပြား ၁၀၀၀ နှင့် ကျောင်းစာကြည့်တိုက်သို့ ငွေကျပ် ၁၃၄၅၀ တန်ဖိုးရှိ စာအုပ်၂၅အုပ်ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

သံတွဲကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး

သံတွဲ စက်တင်ဘာ ၁၈

သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၁၄ရက် နံနက် ၁၀နာရီက သံတွဲမြို့ အလက မြို့မကျောင်း ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏တစ်နှစ်တာ လုပ်ရှားဆောင်ရွက်မှု အစီရင်ခံစာနှင့် အထူးစာတမ်းများကို မြို့နယ်အတွင်းရေးမှူး ဦးစန်းနိုင်နှင့် အလုပ်အမှုဆောင် အသင်းဝင်များက ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ပဋ္ဌမတန်းမှတက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ငွေစုစုပေါင်း ငွေကျပ်ငါးသိန်းနှင့် ဧရာဝတီတိုင်း လေဘေးကယ်ဆယ်ရေး အတွက်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်ခဲ့ကြသော အမှုဆောင်များနှင့် အသင်းဝင်များအား ဂုဏ်ပြုလက်ဆောင်နှင့် ဆုချီးမြှင့်ငွေများကို သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။**(အပေါ်ပုံ)**

ထို့နောက် အလှူရှင် ၁၉ ဦးက သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ မြို့နယ်အတွင်းရေးမှူးဦးစန်းနိုင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကောလင်း မူလတန်းကျောင်းသို့ စာအုပ်နှင့်ဂျာနယ်များလှူဒါန်း

ကောလင်း စက်တင်ဘာ ၁၈

ကောလင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ကျေးလက်အခြေခံပညာ မူလတန်းကျောင်းသို့ စာအုပ်နှင့်ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၅ရက်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်) က စာအုပ်နှင့်ဂျာနယ်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခင်မို့မို့စာပေနှင့် ကြယ်စင်စာပေတို့က လှူဒါန်းသော စာအုပ်နှင့်ဂျာနယ် အုပ်ရေ ၁၀၀ကို ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းထံ လွှဲပြောင်းပေးအပ်သည်။ (၀၃၂)

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း၊မြို့ပြင် စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ရက်က ဝန်ထမ်းများ စုပေါင်း၍ အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးပြုစုပျိုးထောင်မှုကို ခေတ္တအမှုဆောင်အရာရှိ ဦးမြင့်လွင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်မြို့နယ်၌ တီဘီရောဂါတိုက်ဖျက်ရေး ရှင်းလင်းပြောကြား

ယင်းမာပင် စက်တင်ဘာ ၁၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ သာယာအေးခန်းမ၌ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ် ၃၁ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေက တီဘီရောဂါအကြောင်း သိမှတ်ဖွယ်ရာများနှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းနှင့် ပတ်သက်သော ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဘားအံမြို့ အထက(၁) မြကြေးမုံဆောင်နှင့် ရွှေယာဉ်မျှော် ရေဘေးကယ်ဆယ်ရေး စခန်းများကို ဩဂုတ်၂၃ရက်က အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ကြီးကြပ်ပေးစဉ်။ (ပညာရေး)

တန့်ဆည်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ

တန့်ဆည် စက်တင်ဘာ ၁၄

တန့်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၀ရက် ညနေ၃နာရီက တန့်ဆည်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြသိန်းက အဖွင့်အမှာ စကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကွင်းဖွင့်ပွဲအဖြစ် ရွှေလှန်ကျေးရွာအသင်းနှင့် ကံကြီးကုန်းကျေးရွာ အသင်းတို့ ဘောလုံးယှဉ်ပြိုင် ကစားကြရာ ရွှေလှန်ကျေးရွာအသင်းက ကံကြီးကုန်းကျေးရွာ အသင်းကို ငါးဂိုး-သုံးဂိုး ဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ရပ်ကွက်၊ကျေးရွာ အုပ်စုမှ ဘောလုံးအသင်း၃၉သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို စက်တင်ဘာ ၁၈ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နမ့်ခမ်း စည်ပင်သာယာရေးအဖွဲ့ ခြင်ဆေးဖျန်းလုပ်ငန်းဆောင်ရွက်

နမ့်ခမ်း စက်တင်ဘာ ၁၉

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ်မီခြင်ဆေး ဖျန်းကိရိယာဖြင့် ခြင်ကြောင့်ဖြစ်ပွားစေတတ်သည့် ရောဂါများ မဖြစ်ပွားစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီး အရာရှိ ဦးစိုးလင်းနှင့်ကျန်းမာရေးဦးစီးဌာန၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များပူးပေါင်း၍ အခြေခံပညာအထက်တန်းကျောင်း ပတ်ဝန်းကျင်နှင့် ရပ်ကွက်အတွင်း ရေနုတ်မြောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၃ ရက်က နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။(ယာပုံ) (မြို့နယ်စည်ပင်)

ပန်းတိုင်အထွက်တိုးရေးနှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သီပေါမြို့နယ်၌ ပညာပေးဆွေးနွေး

သီပေါ စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၏ မိုးစပါးအထွက်တိုးရေးနှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၁နာရီက သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ကြည်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာဦးကျော်သိန်းက မိုးစပါး ပန်းတိုင် အထွက်နှုန်းရရှိရေး၊ တစ်ဧကတင်း ၁၅၀ထွက်ရှိရေးအတွက် ဆောင်ရွက်ရမည့် နည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးခင်မောင်သန်းက အီးအမ်ဘိုကာရှီ သဘာဝ မြေဩဇာပြုလုပ်နည်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်အသုံးပြုနည်း၊ ယူရီးယားဓာတ် မြေဩဇာကို လေလွင့်ဆုံးရှုံးမှုမရှိအောင် အကျိုးရှိဆုံး ထိရောက်စွာ အသုံးပြုနည်းတို့ကို အသေးစိတ်ပညာပေး ဆွေးနွေးသည်။ (၀၂၀)

လွိုင်ကော်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

လွိုင်ကော် စက်တင်ဘာ ၁၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက် နံနက် ၉နာရီက လွိုင်ကော်မြို့ ပြည်နယ် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်၌ ကျင်းပသည်။

ဖြန့်ဝေ

ရှေးဦးစွာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်နွယ်နီဝင်းက သင်တန်း ဖွင့်အမှာစကား ပြောကြားပြီး သင်တန်းသူများသို့ အခြေခံ စာကြည့်တိုက်ပညာ သင်တန်းမှတ်စုစာအုပ်များနှင့် အခမ်းအနားသို့ တက်ရောက်လာသူများအား လက်ကမ်း စာစောင်များ ဖြန့်ဝေပေးသည်။

လေ့လာကြည့်ရှု

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့သည် ယဉ်ကျေးမှု ပြတိုက်နှင့် စာကြည့်တိုက်(လွိုင်ကော်)၌ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရေးရာအဖွဲ့က ခင်းကျင်းပြသထားသည့် ကယားတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ပြပွဲကို လေ့လာကြည့်ရှုကြသည်။ (ခရိုင် ပြန်/ဆက်)

ကံမမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ အမှတ်(၃)ရပ်ကွက် ဥယျာဉ်တန်း လမ်းဘေးဝဲယာရေနုတ် မြောင်းများ ရေစီးရေလာ ကောင်း မွန်ရေးအတွက် ဆောင်ရွက်မှုကို စက် တင်ဘာ ၂၁ ရက်က အမှုဆောင် အရာရှိ ဦးသိန်းနိုင် ကွင်းဆင်းစစ်ဆေး စဉ်။ (မြို့နယ်စည်ပင်)

ဟားခါးမြို့နယ်ဥက္ကဋ္ဌဖလား အလွတ်တန်း ဘောလုံးပြိုင်

ဟားခါး စက်တင်ဘာ ၂၆

ဟားခါးမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား (အလွတ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၃ရက် မွန်းလွဲ ၁နာရီက ဟားခါးမြို့ ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသည်။

ထို့နောက် မြို့မ(တ)အသင်းနှင့် ပညာ ရေးဌာနအသင်းတို့၏ပြိုင်ပွဲကို မြို့နယ် ဥက္ကဋ္ဌဦးဆွေခန့်ထန်က ဘောလုံးစတင် ကန်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကို စတင် ကျင်းပ ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

စဥ့်ကူးမြို့ သုတတန်ဆောင်စာကြည့်တိုက်ဆောက်ရန် စာအုပ်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

စဥ့်ကူး စက်တင်ဘာ ၂၀

စဥ့်ကူးမြို့နယ် ကုက္ကိုကျေးရွာ သုတ တန်ဆောင် စာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေနှင့်စာအုပ် စာစောင်၊ ငွေပဒေသာပင် စိုက်ထူ လှူဒါန်းပွဲကို စက်တင်ဘာ ၉ရက် မွန်းတည့်၁၂နာရီက ကုက္ကိုကျေးရွာ ဧသီတာ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ လက်ထောက်ညွှန်ကြား ရေးမှူးဦးချစ်မောင်က အဖွင့်အမှာစကားနှင့် စာပေဖတ်ရှုမှု အလေ့အကျင့်ကောင်းများ ရရှိရေးနှင့် စာပေမှရရှိသောအကျိုးကျေးဇူး များကို ရှင်းလင်းပြောကြားသည်။

လက်ခံ

ထို့နောက် ကုက္ကိုကျေးရွာဦးချန်ထွန်း- ဒေါ်မြင့်ကြည်မိသားစုက ငွေကျပ်တစ်သိန်း တန်ဖိုးရှိ စာကြည့်တိုက်သုံးပရိဘောဂများ၊ ကျောင်းအုပ်ဆရာကြီး ဦးလှသောင်း- ဒေါ်အေးအေးမာမိသားစုက ငွေကျပ်၅၀၀၀၀၊ စွယ်စုံကျမ်းနှင့်စာအုပ်မျိုးစုံ အုပ် ၂၀၊ ဦးအောင်စိုး-ဒေါ်အာမာအေး (သောင်းမျိုး အောင်)မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးခင်မောင်ဦး-ဆရာမ ဒေါ်မြညွန့်မိသားစု က ငွေကျပ် ၅၀၀၀၀နှင့် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံ ၁၁၂အုပ်၊ ကံတောင် ရွှေမျိုးဆက်စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌဦးကိုကိုကငွေကျပ် ၂၀၀၀၀၊ သုတ ရသစာအုပ် ၁၁၅ အုပ်နှင့် ကုက္ကိုကျေးရွာမှ အလှူရှင်ရှစ်ဦးတို့က ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ သုတ ရသစာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ လက်ထောက် ညွှန်ကြားရေးမှူး ဦးချစ်မောင်၊ မြို့နယ်ဦးစီး မှူးနှင့် စာကြည့်တိုက်မှူးဦးခင်မောင်ဦးတို့က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လားရှိုးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အကြို စာပေဟောပြော

လားရှိုး စက်တင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး ကျင်းပသော ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့အကြို စာပေဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက် မွန်းလွဲ ၂ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာကို မြို့နယ်အတွင်းရေးမှူး ဦးသိန်းဟန် (ရာမည သွေးမွန်)က ဖတ်ကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းနှင့် အဖွဲ့၏ နာယကစာရေးဆရာ ကမ္ဘောဇခင်လှိုင်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ အမျိုးသားစာပေဆုရ စာရေးဆရာလယ်တွင်းသားစောချစ်၊ စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီသုမောင်၊ လယ်ယာစီးပွားဂျာနယ်မှ ဦးမြတ်စိုး(လှိုင်)တို့က စာပေရေးရာများ ဟောပြောကြသည်။ (၀၂၆)

မတ္တရာမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ မြို့အဝင်လမ်းဘေးဝဲယာတစ် လျှောက်တွင် ပန်းအလှပင်များဖြစ်သော နှယ်သာကီ၊ စက္ကူပန်းနှင့် စိန်ပန်းနီပင် များကို စက်တင်ဘာ ၁၁ ရက်က အဖွဲ့ရုံး ဝန်ထမ်းများဖြင့် စုပေါင်း စိုက်ပျိုးရာသို့ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့် အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင်မုခ်ဦးရှိ ပန်းအုတ်ခုံ များတွင် ပန်းအလှပင်များ စိုက်ပျိုးပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို စက်တင်ဘာ၉ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကော့သောင်းမြို့ ဘုရင့်နောင် ကုန်းမြေ သာယာလှပရေးအတွက် ဒုတိယဦးစီးမှူးဦးအောင် ကိုဝင်းနှင့်အဖွဲ့ နဂါး ရင်ပြင် ရှေ့မျက်နှာစာ ဆီအုန်းပင်များ အောက် ခြေရှင်းလင်းခြင်း လုပ် ငန်းကို စက်တင်ဘာ ၄ ရက်က အမှုဆောင် အရာရှိ ဦးမျိုးကြည် နှင့်ဦးစီးအရာရှိဦးဘဌွမ် တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူ အထက(၄) မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး

ပခုက္ကူ စက်တင်ဘာ ၂၈

ပခုက္ကူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၄ရက် နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူးနှင့်ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုများကို တာဝန်ရှိသူများကပေးအပ်ကြကာ ၂၀၀၈- ၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းအလုပ်အမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက်ကြောင်း သိရသည်။ (၀၇၀)

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ စမ်းသပ်ဆောင်ရွက်လျက်ရှိသော ရေတွင်းတူးစက်ကို စက်တင်ဘာ ၂၃ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ စစ်တွေ၌ကျင်းပ

စစ်တွေ စက်တင်ဘာ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ရခိုင်ပြည်နယ် ၂၀၀၈-၂၀၀၉ ခုနှစ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတော်ကို စက်တင်ဘာ ၁၇ရက် ညနေ ၃နာရီက စစ်တွေမြို့ရှိ ကြို့တဲကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီးဒေါ်သင်းမျိုးမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်နှင့် ဇနီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၁၀၀ခန့်တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အဖွင့်အမှာစကားပြောကြားပြီး လူမှုရေးအသင်းအဖွဲ့များသို့ ခြံစည်းရိုးကြက်ဆူကိုင်းများ ပေးအပ်ကာ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်အဖွဲ့ စက်တင်ဘာ ၁၀ရက်က ပြည်မြို့ရှိ စက်ရေတွင်းအားလုံး ရေပေးနိုင်ရေးအတွက် ခေတ္တရာ မြို့သစ် (၆/၇) လမ်းရှိ ရေစက်ရုံအမှတ်(၉) ရေပေးနိုင်မှုအခြေအနေကို ကြပ်မတ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှ (၄၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ဖွဲ့ဝင်မိသားစုများသို့ တူညီဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ရက်က တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးဝင်းရှိ ရဲဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားတွင် တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်၏ ဇနီးဒေါ်ခင်သန်းနွဲ့က ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ ကျိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ကျိုင်းတုံရဲစခန်းရှိ မိသားစုဝင် ၉၃ ဦးအား ငွေကျပ် ၅၂၀၀၀၀တန်ဖိုးရှိ တူညီဝတ်စုံများ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ပဲခူးတိုင်း မင်းလှ၌ ရန်ပုံငွေများတိုးပွားရေး ဆွေးနွေး

မင်းလှ စက်တင်ဘာ ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်) ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေသည် ပဲခူးတိုင်း(အနောက်ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေ၊ သာယာဝတီခရိုင် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းတင်တို့လိုက်ပါလျက် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက သာယာဝတီခရိုင် မင်းလှမြို့နယ် ညောင်သုံးပင်ကျေးရွာ ရောင်ခြည်သစ် စာကြည့်တိုက်နှင့် စိန်ကန့်လန့်ကျေးရွာ အလင်းရောင်စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူး(စီမံ) ဦးမောင်ဖေက ကျေးရွာနေပြည်သူများ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေး၊စာကြည့်တိုက်ရန်ပုံငွေများ စုစည်းတိုးပွားလာအောင် စည်းရုံးဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ဆက်လက်၍ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းတို့က ဖြည့်စွက်အကြံပြုဆွေးနွေးကြပြီး ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေက ကျေးရွာဥက္ကဋ္ဌအား လှူဒါန်းငွေကျပ် တစ်သောင်း၊ ရေဒီယိုတစ်လုံးနှင့် စာအုပ်များလှူဒါန်းကြသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

အရာတော်မြို့၌ မူလတန်းလွန်ကျောင်းဖွင့် ပညာရေးဌာနသို့ လွှဲပြောင်း

အရာတော် စက်တင်ဘာ ၂၀

အရာတော်မြို့နယ် ငွေတွင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ၁၄ ရက်က အဆိုပါ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောင်းဆောင်သစ် အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြို့နယ်ပညာရေးမှူးဦးကျော်ကျော်ဦး၊ အလှူရှင် အေးမြတ်မွန်မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး အလှူရှင်၏ မိဘများဖြစ်ကြသော ဦးခင်မောင်ဆွေနှင့် ဒေါ်ချိုချိုတို့က စာရွက်စာတမ်းများ၊ ကျောင်းအသုံးအဆောင်ပစ္စည်းနှင့် စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံ ပေါ်ထွန်းရေး ချောင်းဆုံမြို့နယ်၌ ကျေးရွာအလိုက်ဆွေးနွေး

ချောင်းဆုံ စက်တင်ဘာ ၂၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်အဆောက်အအုံပေါ်ထွန်းရေး ဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က ကျေးရွာစာကြည့်တိုက်များ အဆောက်အအုံသစ် ပေါ်ထွန်းရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးသည်။

အစီအစဉ်များ

အလားတူ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိမိကျေးရွာရှိ စာကြည့်တိုက် အခြေအနေများနှင့် အဆောက်အအုံဆောက်လုပ်မည့် အစီအစဉ်များကို ကျေးရွာအလိုက် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

မိုးကောင်းမြို့၌ ရေမြောင်းများရှင်းလင်း

မိုးကောင်း စက်တင်ဘာ ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့မဈေး ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးနှင့်သားသတ်ဌာနစိတ်မှ ဝန်ထမ်းများ ဩဂုတ်၃၀ရက်က ဈေးပတ်လည် ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်နှင့် သဲနုန်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (ဝ၀၁)

ကလေးမြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် စက်တင်ဘာ ၆ရက်က အောင်ပန်းရုံးခွဲရှိ ပြည်ထောင်စု လမ်းမကြီး နံဘေးတွင်မြေယာရှုခင်း အလှဆောင်ရွက်နေမှု လုပ်ငန်းကို ကွင်းဆင်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေးခိုင်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

မင်းဘူး စက်တင်ဘာ ၂၄

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၉ရက်က ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး မှာကြားချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မွန်က ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီညွတ်ရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်း အပြင် သန့်ရှင်းသပ်ရပ်မှုနှင့် အသား၊ ငါးရောင်းချသည့် ဈေးဆိုင်များယင်လုံဆန်ခါဖြင့်ဖုံးအုပ်၍စနစ်တကျရောင်းချရေးဆောင်ရွက်ထားမှုကို စက်တင်ဘာ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပွင့်ဖြူမြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ပွင့်ဖြူ စက်တင်ဘာ ၂၀

ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ ကျေးလက်နေ တောင်သူများ ငါးစားသုံးမှု ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ပြီး မကွေးတိုင်း ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဥယျာဉ်ကျစ်ကျေးရွာအုပ်စုရှိ စပါးခင်းဧက ၅၀အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၁၂ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေနှင့် အဖွဲ့ဝင်များ၊ တိုင်းဦးစီးဌာနမှူး ဦးပေါ်လွင်၊ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများက တီလားပီးယား၊ငါးခုံးမကြီး၊ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၃၅၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အနိုင်သေချာနေတဲ့ လက်ရှိချန်ပီယံမန်ယူရဲ့ခြေစွမ်းက ပွဲကြည့်ပရိသတ်တွေကို ဖမ်းစားပါလိမ့်မယ်

ချန်ပီယံလိဂ်အကြို - ထွန်းထွန်းဦး(လှိုင်) စာမျက်နှာဖွဲ့စည်းမှု - ညဏ်ဖြိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၈

ချန်ပီယံလိဂ်ပထမပွဲစဉ်မှာ အမှတ်ပြည့်ရမထားသေးတဲ့အသင်းတွေအနေနဲ့ကတော့ ခုကစားရမယ့်ပွဲစဉ်မှာ ပြိုင်ဘက်တွေကို အနိုင်ယူကစားနိုင်အောင်ရုန်းကြရပါပြီ။ အထူးသဖြင့် မန်ယူ၊ အာဆင်နယ်၊ ဗီလာရီးရဲ့နဲ့ ဇင်းနစ်တို့လို အသင်းတွေအနေနဲ့ကတော့ ဒီပွဲမှာအမှတ်ပြည့်ရပါမှ နောက်တစ်ဆင့်တက်ခွင့်အတွက် ပူပင်သောကတွေနဲ့ ဝေနေရမှာပါ။ အခုပွဲစဉ်မှာ ဇင်းနစ်နဲ့ ရီးရဲမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်နဲ့လီယွန် ကစားမယ့်ပွဲတွေအပြင် အာဆင်နယ်နဲ့ ပေါ်တိုတို့ ယှဉ်ပြိုင်ရမယ့် ပွဲတွေကလည်း စိတ်ဝင်စားဖို့ အတော်ကောင်းနေတယ်လို့ ဆိုရပါလိမ့်မယ်။

နေ့ရက် ၃၀-၉-၂၀၀၈
(မြန်မာစံတော်ချိန် ၁-၁၀-၂၀၀၈ နံနက် ၁း၁၅)
အုပ်စု (င)

အားလ်ဘော့ဂ် - မန်ယူ

ဒိန်းမတ်အသင်းတွေနဲ့ ရေစက်ဆုံတတ်တဲ့ မန်ယူကတော့ ဒီတစ်ခါမှာ အနိုင်မရသေးတဲ့ *စာမျက်နှာ ၁၃ ကော်လံ ၁* ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ပီရူး၌ လေယာဉ်ငယ်ပျက်ကျ

လီမာ စက်တင်ဘာ ၂၈

ပီရူးနိုင်ငံ လီမာမြို့တွင် စက်တင်ဘာ ၂၈ရက်က ဂျက်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ယင်းလေယာဉ်ငယ်သည် လီမာမြို့ ဘာရန်ကိုခရိုင်အတွင်း စာသင်ကျောင်းတစ်ကျောင်းပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ပီရူးအရာရှိများက ပြောကြားသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ အမျိုးသားကဇာတ်ရုံ မီးလောင်

ကိုင်ရို စက်တင်ဘာ ၂၈

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့လယ်ရှိ အမျိုးသားကဇာတ်ရုံ၌ စက်တင်ဘာ ၂၈ရက်က မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံအစိတ်အပိုင်းများ ပျက်စီးခဲ့ရကြောင်း၊ မီးလောင်ကျွမ်းမှုမှာ ရှစ်နာရီကျော် ကြာမြင့်ခဲ့ကြောင်း၊ မည်ကဲ့သို့ မီးလောင်ကျွမ်းမှုဖြစ်ပွားသည်ကို စုံစမ်းလျက်ရှိကြောင်း သိရသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

တရုတ်အာကာသယာဉ်မှူး ကျိုင်ကျိဂန် အာကာသတွင်း အောင်မြင်စွာလမ်းလျှောက်နိုင်ခဲ့

အာကာသသိပ္ပံ | **ကိုးကား - ဆင်ဟွာသတင်းဓာတ်ပုံ**

ပေကျင်း စက်တင်ဘာ ၂၈

ကမ္ဘာပတ်လမ်းကြောင်းအတွင်း လှည့်ပတ်ခဲ့သော တရုတ်နိုင်ငံ၏ တတိယမြောက် အာကာသယာဉ် ရှန်ကျိုး-၇ မှ အာကာသယာဉ်မှူး ကျိုင်ကျိဂန်သည် စီးနင်းလိုက်ပါသည့် ယာဉ်အတွင်းမှထွက်ကာ စနေနေ့ ညနေက မိနစ် ၂၀ ခန့်မျှ အာကာသတွင်း လမ်းထွက်လျှောက်ခဲ့သည်။ အာကာသ အတွင်း ကီလိုမီတာ ၉ ဒသမ ၁၆၅ အထိ ခရီးပေါက်မြောက်ကြောင်း ကျွမ်းကျင်သူများ၏ ခန့်မှန်းမှုအရသိရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

တိုက်ရိုက်လွှင့်

အာကာသယာဉ်မှူး ကျိုင်ကျိဂန်မှာ တရုတ်နိုင်ငံ၏ ပထမဆုံးသော အာကာသတွင်း လမ်းလျှောက်သူဖြစ်ခဲ့ပြီဖြစ်သည်။(ဝဲပုံ) အာကာသယာဉ်၏ အတွင်းရော၊ အပြင်ပါ ကင်မရာများ တပ်ဆင်ထားသည့် အားလျော်စွာ ယာဉ်မှူး ကျိုင်ကျိဂန်၏ *စာမျက်နှာ ၈ ကော်လံ ၃* ✻

စောငမန်းပွဲကြမ်းသော်လည်း လုံးချောက ချန်ပီယံလက်ရည်ပြနိုင်၍ သရေကျခဲ့သည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး

ရန်ကုန် စက်တင်ဘာ ၂၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ (MDG Co., Ltd.) ၏ အဓိကကူညီပံ့ပိုးမှုဖြင့် T&T Group မှ ကိုစိုးသန်းဝင်း တာဝန်ယူစီစဉ်သော Calsome Challenge Fight-1 မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ယနေ့မွန်းလွဲ ၂နာရီက စတင်ကျင်းပခဲ့ရာ အဓိကစိန်ခေါ်ပွဲကြီးတွင် အလွတ်တန်းထပ်ဆင့်ရွှေခါးပတ်ချန်ပီယံလုံးချော(ညောင်တုန်း)နှင့် စိန်ခေါ်သူအဆင့်(၁) စောငမန်း(ဘားအံ)တို့ အကြိတ်အနယ် ရင်ဆိုင်ယှဉ်ပြိုင်ကြသော်လည်း သရေပွဲဖြစ်သွားခဲ့သည်။

ဂုဏ်ပြုပွဲတစ်ရပ်

ရိုးရာလက်ဝှေ့ပွဲစဉ် မစတင်မီ ရိုးရာဓလေ့အတိုင်း စတော်တိုက်အပြီး၌ ဂုဏ်ပြုပွဲတစ်ရပ်ကို မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည်။ လွန်ခဲ့သည့်မေလက *စာမျက်နှာ ၉ ကော်လံ ၁* ●

ကာကွယ်

စောငမန်း(ဘားအံ)ညာခြေကန်ချက်ကို လုံးချော(KLN)က ဤသို့ ကာကွယ်ခဲ့ရသည်။

(မြန်မာ့အလင်း)

ထိမိ

ရှမ်းသွေးလေး(ဒေါင်းမြန်မာ) နှင့် ဟိန်းညီညီ(မြို့တော်စည်ပင်) တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ထိမိထားခဲ့သည်မှာ....။

(မြန်မာ့အလင်း)

သတင်းမြင်ကွင်း - ဇင်လင်းထွန်း(ခနဖြူ)
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေးနှင့် တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)